# ၂၄/၇
# ကင်းစောင့်ဆုတောင်းခြင်း

# 24/7 Prayer Watch
## Praying the Word : Myanmar

Standing In The Gap

MYANMAR INTERCESSORS' NETWORK

# ၂၄/၇ ကင်းစောင့်ဆုတောင်းခြင်း
# Night and Day Prayer 24-7-365

ဘုရားသခင်သည် ကျွန်ုပ်တို့ကို တစ်ရက်တွင်၂၄နာရီ စောင့်ရှောက်လျက်ရှိသည်။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို ကင်းစောင့်ရန်နှင့်ဆုတောင်းရန် ဖိတ်ခေါ်နေသည်။ ဗျာဒိတ်ကျမ်း ၄-၅ တွင် ကောင်းကင်တမန်နှင့် အသက်ကြီးသူတို့သည် ဘုရားသခင်ကို နေ့ညမပြတ် ကိုးကွယ်ကြ၏။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်တွင် ပြည့်စုံစေရန် ကျွန်ုပ်တို့ ဆုတောင်းကြရမည်ဖြစ်ကြောင်းနှင့် ကောင်းကင်ဘုံတွင် ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်း ကိုယ်စားပြုဆုတောင်းခြင်း တို့ကို တစ်ရက်တွင် ၂၄နာရီ ပြုလုပ်နေကြောင်း ကျမ်းစာက သွန်သင်ထားသည်။

ဓမ္မဟောင်းတွင် ယဇ်ပလ္လင်ပေါ်ရှိမီးသည် အလျှင်းမသေဘဲ အစဉ်မပြတ် လောင်ရသည်။ ယဇ်ပရောဟိတ်သည် နံနက်တိုင်း ထင်းမီးထည့်၍၊ ထင်းပေါ်မှာ မီးရှို့ရာယဇ်ကို ခင်းရကာ၊ ထိုပလ္လင်ပေါ်တွင် မိတ်သဟာယယဇ်ဆီဥကို မီးရှို့ရ၏။ (ဝတ်ပြု ၆း၁၂-၁၃) ပလ္လင်ပေါ်ရှိမီးသည် ယဇ်ပရောဟိတ်တို့၏ စဉ်ဆက်မပြတ် ချီးမွမ်းခြင်း၊ ကိုးကွယ်ခြင်း၊ ကိုယ်စားပြု ဆုတောင်းခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းတို့၏ လက္ခဏာဖြစ်သည်။

ဘုရားရှင်သည်- ဂတိတော်များပြည့်စုံစေရန် မြို့ရိုးများပေါ်ရှိ ကင်းစောင့်များအဖြစ် ကျွန်ုပ်တို့ကို ခန့်အပ်ထားသည်။ အို ယေရုရှလင်မြို့၊ နေ့ညမပြတ် တိတ်ဆိတ်စွာ မနေရသော လူစောင့်တို့ကို သင်၏မြို့ရိုးပေါ်တွင် ငါထားပြီ။ ထာဝရဘုရားကို အောက်မေ့စေသောသူတို့ တိတ်ဆိတ်စွာမနေကြနှင့်။ ယေရုရှလင်မြို့ မတည်မှီတိုင်အောင်၊ မြေကြီးပေါ်မှာ ချီးမွမ်းစရာ အကြောင်း ဖြစ်စေတော်မမူမှီတိုင်အောင် ဘုရားသခင်ကို မငြိမ်စေကြနှင့် (ဟေရှာ ၆၂း၆-၇)။

မှတ်ချက်။ (က) ဘုရားရှင်ကိုယ်တိုင်သည် ကင်းစောင့်များကိုခန့်ထားသည်။

(ခ) သူတို့သည် တစ်ရက်တွင် ၂၄နာရီ- ကိုယ်တော့်ရှေ့၌ ရပ်ရန်ဖြစ်သည်။

(ဂ) ကင်းစောင့်များသည် ကိုယ်တော်၏ ဂတိတော်မပြည့်စုံမချင်း တိတ်ဆိတ်စွာမနေ၊ ဘုရားကို မငြိမ်စေရန် ဖြစ်သည်။

## အကျိုးရလဒ်

၂၄/၇ ကင်းစောင့်ဆုတောင်းခြင်းသည် ငါ့အိမ်ကို လူမျိုးတကာတို့အတွက် ဆုတောင်းရာအိမ်ဖြစ် ရမည်ဟူသော ဘုရားသခင်၏အမိန့်တော်ကို အသင်းတော်က ပြည့်စုံစေသော နည်းလမ်းတစ်ခု ဖြစ်သည် (ဟေရှာ ၅၆း၇)။ ၂၄နာရီ ကင်းစောင့်ဆုတောင်းခြင်းသည် ယုံကြည်သူများအတွင်း၌ တစ်လုံးတဝဖြစ်ခြင်းကို ဖြစ်ပေါ်လာစေ၏။ အဘယ့်ကြောင့် ဆိုသော် တူညီသောအခက် အခဲပြဿနာများအတွက် အတူမျက်မှောက်ပြုကာ ဆုတောင်းကြသဖြင့် အသင်းတော်များ နှင့် ဂိုဏ်းဂဏများကို စည်းလုံးစေသည်။ နေ့ညမပြတ်ဆုတောင်းခြင်းသည် အသိုင်းအဝိုင်းများနှင့်မြို့များပေါ်တွင် ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေခဲ့ကြောင်း သမိုင်းအထောက်အထားအရ သိရသည်။

မြန်မာပြည်အတွက် ဆုတောင်းရာတွင် "နှုတ်ကပတ်တော်ဖြင့်ဆုတောင်းခြင်း" "Praying the Word" ပြုလုပ်နိုင်ရန် ဤစာအုပ်ငယ်တွင် ဖော်ပြထားပါသည်။ ဘုရားသခင် သည် အလိုတော်ကို နှုတ်ကပတ်တော်ဖြင့် အသိပေးဖော်ပြထားရာ နှုတ်ကပတ်တော်ဖြင့် ဆုတောင်းခြင်းသည် အလိုတော်အတိုင်း ဆုတောင်းခြင်းဖြစ်၏။ ဘုရားအလိုတော်နှင့် အညီ ဆုတောင်းသည့်အခါ ဘုရားသခင်သည်နားထောင်ကာ တောင်းသောဆုကို ပေးတော်မူသည် (၁ယော ၅း၁၄ -၁၅)။

နှုတ်ကပတ်တော် (The Word) တွင် အခွင့်အာဏာရှိသည်။ ခမည်းတော်ဘုရားသည် ဤစကြာဝဠာကို နှုတ်ကပတ်တော်အားဖြင့် ဖန်ဆင်း၏။ နှုတ်ကပတ်တော်(သားတော်) သည်စကားတစ်ခွန်းကို ကြွေးကြော်တိုင်း ဝိညာဉ်ရေးရာ နိုင်ငံ (ဝိညာဉ်ရေးရာလောက)တွင် ကြေငြာချက်တစ်ရပ်ဖြစ်လာ၏။ အသက်ရှင်သော နှုတ်ကပတ်တော် (The Living Word) ကို ခေါ်ဖိတ်သည့်အခါ အသက်ကိုပေးရန်နှင့် ပြန်လည်ဖန်ဆင်းရန်တန်ခိုး ဖြစ်ပေါ်လာသည်။

ဤစာအုပ်ငယ်တွင် ပါရှိသော "နှုတ်ကပတ်တော်အားဖြင့်ဆုတောင်းခြင်း" ကိုတစ်ဦးချင်းသော်၎င်း၊ စုပေါင်း၍ သော်၎င်း၊ ၂၄/၇ ဆုတောင်းခန်းတွင်၎င်း ဆုတောင်းနိုင်ပါသည်။

ဤထိရောက်သော ဝိညာဉ်တော်ဓားဖြစ်သည့် နှုတ်ကပတ်တော်ဖြင့် စိတ်နှလုံးအကြွင်းမဲ့ လုံ့လဝီရိယဖြင့် ဆုတောင်းကြမည်ဆိုပါက မြန်မာပြည်နိုးထမှုနှင့်၊ အသွင်ပြောင်းလဲမှု (Revival and Transformation) ကိုရရှိကာ တိုင်းပြည်ချမ်းသာခြင်းကို မကြာမှီမလွဲမသွေ မြင်တွေ့ခံစားကြရမည်ဖြစ်သည်။ ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့်ပြည့်စုံသောအားဖြင့် မြန်မာပြည်၏ သမိုင်းကြောင်း ပြောင်းလဲစေရန် မိတ်ဆွေကို ဘုရားသခင် စိတ်ချစွာ အပ်နှံထားပါသည်။

ခရစ်တော်၏အစေခံ–

Peggy Man Khan Hau
Co-ordinator, *Myanmar Intercessors' Network*
Country Coordinator, *South East Asia Prayer Council (International Prayer Council)*
Country Coordinator, *Global Day of Prayer*
ရက်စွဲ။ ၂၀၀၈ခု နိုဝင်ဘာလ (၁)ရက်

# မြန်မာပြည်အတွက်နှုတ်ကပတ်တော်ဖြင့်ဆုတောင်းခြင်း

## ၁။ ကျွန်ုပ်တို့မြို့/ပြည်နယ်နှင့် မြန်မာပြည်ကို ကောင်းကြီးပေးတော်မူပါ။

အဖဘုရား၊ ကျွန်ုပ်တို့ ( )မြို့၊ ( )တိုင်း/ပြည်နှင့် မြန်မာပြည်ကို ကောင်းကြီးပေးပါမည့်အကြောင်း သခင်ယေရှုနာမကို အမှီပြု၍ ဆုတောင်းပါ၏။ ကျွန်ုပ်တို့ မြို့သူ/မြို့သားများနှင့်တကွ မြန်မာပြည်သူ/သားအားလုံးကို ကောင်းကြီးပေး၍ စောင့်မတော်မူပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့အပေါ်၌ မျက်နှာတော်အလင်းကို လွှတ်၍ဂရုဏာကျေးဇူးပြုတော်မူပါ။ ကိုယ်တော့်မျက်နှာတော်ကို သူတို့ဖက်သို့လှည့်ကာ ငြိမ်သက်ခြင်း၊ ချမ်းသာခြင်းကို ပေးတော်မူပါ(တော ၆း၂၃–၂၇)။ ကျွန်ုပ်တို့အိမ်နီးချင်းများ၊ လုပ်ငန်းခွင်ရှိ လုပ်ဖော်ဆောင်ဖက်များ၊ ရဲနှင့်အကျဉ်းသားများ၊ ကျောင်းများရှိ ဆရာ/ဆရာမများ ကျောင်းသူကျောင်းသားများ၊ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံရှိလူနာများ၊ ဖခင်၊ မိခင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့နယ်အုပ်ချုပ်ရေးကောင်စီ၊ အစိုးရရုံးအရာရှိများ၊ အိုးအိမ်မဲ့သူများ၊ အလုပ်လက်မဲ့များ မူးယစ်ဆေးဝါးအမျိုးမျိုး စွဲနေသူများ၊ ခိုကိုးရာမဲ့နေသူများ နိုင်ငံတော်အကြီးအကဲများနှင့် အကြံပေးပုဂ္ဂိုလ်များ အစိုးရ ဝန်ကြီးများနှင့် အာဏာပိုင်များတို့ အပေါ်တွင် ပြည့်စုံစေတော်မူပါ။

ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခရစ်တော်အားဖြင့် ပေးသနားတော်မူသော ဝိညာဉ်ရေးရာ ကောင်းကြီးမင်္ဂလာတို့ကို ပေးသနားတော်မူသော– သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူပါစေသော (ဧဖက် ၁း၃)။ ဣသရေလဘုရားထံတော်သို့ ယာဗက်ကြွေးကြော်သကဲ့သို့ ဤတိုင်းပြည်အတွက် ဆုတောင်းကြပါ၏။ ကျွန်ုပ်တို့ကို ကောင်းကြီးပေးတော်မူပါ။ ကိုယ်တော်၏လက်တော်သည် ကျွန်ုပ်တို့ဘက်၌နေ၍၊ ဘေးဥပဒ် အနှောင့်အယှက်နှင့် ကင်းလွတ်ပါမည်အကြောင်း ကွယ်ကာစောင့်မတော်မူပါ (၅ရာ ၄း၁၀)။

ငြိမ်သက်ခြင်းအရှင် ဘုရားသခင်၊ ကျွန်ုပ်တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပါ။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါ (၁သက် ၅း၂၃–၂၄)။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ထိမိ၍လဲခြင်းနှင့် ကင်းလွတ်စေရန်နှင့် အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံစေကာ ကိုယ်တော့်ဘုန်းအသရေတော် ရှေ့၌ ကျွန်ုပ်တို့ကို ဆက်သရန် တတ်နိုင်တော်မူပါ၏ (ယုဒ ၂၄–၂၅)။

သခင်ယေရှု၊ ကိုယ်တော်၏ကျေးဇူးတော်သည် မြန်မာပြည်တွင် သက်ရောက်ပါစေသော။ (၁ကော ၁၆း၂၃)။

## ၂။ ကိုယ်တော့်နာမတော်ကိုချီးမြှောက်ပါ၏

ကောင်းကင်ဘုံ၌ စံပယ်တော်မူသောအဖဘုရား၊ ကိုယ်တော်သည် အမြင့်ဆုံးသောဘုရား၊ အနန္တကာလ တည်တော်မူသောအရှင်၊ ကိုယ်တော့်နာမသည် သန့်ရှင်းတော်မူ၏ (ဟေရှာ ၅၇း၁၅)။ မြန်မာပြည်တွင် နာမတော်သည် သန့်ရှင်းကာ ရိုသေလေးမြတ်ခြင်း ရှိပါစေသော (မဿဲ ၆း၉)။ ကိုယ်တော့်နာမတော်ကို အချည်းနှီးအသုံးမပြုရန်နှင့် နာမတော်ကို စော်ကားပြောဆိုခြင်း မပြုရန် မိန့်တော်မူထားပါ၏ (ထွက် ၂၀း၇၊ ဝတ်ပြု ၁၉း၁၂၊ ၂၄း၁၆)။ သို့သော် ကိုယ်တော်နာမတော်အား လူမျိုးတကာတို့တွင် စော်ကားပြောဆိုနေကြကာ၊ ကိုယ်တော့်နာမတော်ကို မေ့လျော့ပြီး အခြားသောဘုရားများသို့ လက်ကိုဆန့်ကြပါ၏ (ယေဇ ၃၆း၂၃၊ ဆာလံ ၄၄း၂၀)။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပညတ်တော်ကိုကျူးလွန် ဖေါက်ဖျက်ကြပါ၏။

ယခုတွင် ကိုယ်တော့်နာမတော်ကို ဝန်ခံလျက်ဆုတောင်းကာ မိမိတို့အပြစ်မှပြန်လှည့်လာသည့်အခါ နားထောင်တော်မူပါ။ ကျွန်ုပ်တို့ကို ပြန်လည်ထူမတော်မူပါ (၆ရာ ၆း၃၂–၃၃)။ ကိုယ်တော်၏နာမတော်ကို သန့်ရှင်းစေခြင်းဖြင့် ကျွန်ုပ်တို့၏ ရန်သူများပင်လျှင် ကိုယ်တော်သည် အရှင်သခင်ဖြစ်ကြောင်း သိမှတ်ကာ နာမတော်ကို ကြောက်ရွံ့ရိုသေကြစေရန် ဆုတောင်းပါ၏ (ယေဇ ၃၆ း၂၁၊ ၂၃၊ ဟေရှာ ၆၄း၂၊ ဆာလံ ၁၀၂း၁၅)။

ကျွန်ုပ်တို့၏ ဘုရားသခင်ထာဝရဘုရား ကိုယ်တော်မှတစ်ပါး အခြားသောသခင်တို့သည် ကျွန်ုပ်တို့အပေါ်နှင့် ဤတိုင်းပြည်တွင် အစိုးရကြပါသော်လည်း ယခုတွင် ကိုယ်တော်နာမတော်ကို ချီးမွမ်းကြပါ၏ (ဟေရှာ ၂၆း၁၃)။ အိုထာဝရဘုရား ကျွန်ုပ်တို့သည် ဘွဲ့နာမတော်ကို စိတ်နှလုံး၌ တသလျက်ရှိပါ၏ (ဟေရှာ ၂၆း၈)။ အိုထာဝရဘုရား ညဥ့်အချိန်၌ နာမတော်ကိုကျွန်ုပ်တို့အောက်မေ့၍ တရားတော်ကိုစောင့်စေတော်မူပါ (ဆာလံ ၁၁၉း၅၅၊ မာလခိ ၃း ၁၆)။ နာမတော်ကို ကြောက်ရွံ့မည်အကြောင်း ကျွန်ုပ်တို့၏စိတ်နှလုံးကို စေ့စပ်ညီညွတ်စေတော်မူပါ။ ဤသို့ဖြင့် မတရားသောအမှုကို ရှောင်ကာ၊ နာမတော်ကိုစွဲကိုင်ပြီး ကိုယ်တော်ကို မစွန့်ပယ်ပါမည့် အကြောင်းမစတော်မူပါ (ဆာလံ ၈၆း၁၁၊ ၂တိ ၂း ၁၉၊ ဗျာ ၂း၁၃၊ ၃း၉)။ နာမတော်သည် နံ့သာဆီ၊ ခိုင်ခံ့သောရဲတိုက်၊ ကျိန်းဝပ်ရန် လုံခြုံသော နေရာဖြစ်ပါ၏ (တရားသူကြီး ၁၃း၁၈၊ ရှောလမုန်သီချင်း ၁း၃၊ သုတ္တံ ၁၈း ၁၀၊ ဆာလံ ၆၁း၃)။

## ၃။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်အတွက်

ဂရုဏာတော်ရှင်အဖ၊ ကျွန်ုပ်တို့တိုင်းပြည်အတွက် ဂရုဏာတော်တောင်းခံခြင်းကို နားညောင်းတော်မူပါ။ ကျွန်တို့သည် သခင်လက်ကိုငှင်း၊ ကျွန်မတို့သည် သခင်မလက်ကိုငှင်း၊ မျှော်ကြည့်သည်နည်းတူ၊ ကျွန်ုပ်တို့သည် ကယ်မသနားတော်မူခြင်းကျေးဇူးကို မခံမှီတိုင်အောင် ဂရုဏာတော်ကိုမျှော်ကြည့်ကြပါ၏ (ဆာလံ ၁၂၃း၂)။ အိုထာဝရဘုရား သနားစုံမက်တော်မူခြင်း စိတ်ကို မချုပ်တည်းပါနှင့်။ ဂရုဏာတော်နှင့် သစ္စာတော်သည် အကျွန်ုပ်တို့ကို အစဉ် စောင့်မပါစေသော (ဆာလံ ၄၀း၁၁)။ မြေကြီးပေါ်တွင် ကောင်းကင်အမြင့်ရှိသည်အတိုင်း ကိုယ်တော့်ကိုကြောက်ရွံ့သောသူတို့၌ ဂရုဏာတော် အစဉ်အမြဲတည်ပါ၏ (ဆာလံ ၁၀၃း၁၁၊ ၁၇၊ ၁၀၆း ၁)။

ကိုယ်တော်သည် ချစ်သနားခြင်းမေတ္တာ ဂရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြု ခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူကာ၊ အထောင်အသောင်းသောသူတို့အား သနားခြင်း ကျေးဇူးတရားကို စောင့်တော်မူသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်း၊ အပြစ်ကိုဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူသော၊ သားစဉ်မြေးဆက် တတိယအဆက်၊ စတုတ္ထဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင် တော်မူသောဘုရား ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍၊ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူသောဘုရားဖြစ်ပါ၏ (ထွက် ၃၄း၆–၇၊ ဆာလံ ၁၄၅း၉)။ ကိုယ်တော်ဂရုဏာတော်ကြောင့် ကျွန်ုပ်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ဘဲ နေကြရပါ၏။ ဝမ်းနည်းစေတော်မူသော်လည်း၊ ဂရုဏာတော် များပြားသည်နှင့်အညီ သနားတော်မူလိမ့်မည် (မြည် ၃း၂၂၊ ၃၂)။ “ငါသည် ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုမည်။ သနားလိုသော သူကိုလည်း သနားမည်” ဟု မိန့်တော်မူခဲ့ပါ၏ (ထွက် ၃၃း၁၉၊ ရောမ ၉း၁၆–၁၈)။ ကိုယ်တော်၏ ဂရုဏာတော်နှင့် သစ္စာတော်သည် ကျွန်ုပ်တို့ကို စောင့်မပါစေသော (ဆာလံ ၄၀း၁၁)။

## ၄။ ကိုယ်တော်ကို ကိုးကွယ်ကြပါ၏

ကိုယ်တော်တစ်ပါးတည်းသာလျှင် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူပါစေသော (ရောမ ၁၁း၃၆) ကိုယ်တော်သည် ဖောက်ပြန်ပျက်စီးခြင်းနှင့် ကင်းလွတ်သော၊ မျက်မြင်မရ၊ အရူပဖြစ်တော်မူထသော၊ တစ်ဆူတည်းသော ဘုရားဖြစ်ပါ၏ (၁တိ ၁း၁၇)။ ကိုယ်တော်သည် တစ်ပါးတည်းသော အုပ်စိုးသောအရှင်၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်၊ အဘယ်သူမျှမချဉ်းကပ်နိုင်သော၊ အလင်းထဲ၌နေတော်မူထသော၊ မင်္ဂလာရှိသော၊ အဘယ်သူမျှ မမြင်ဘူးရာ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသောအရှင်၊ ကိုယ်တော်သည် ထာဝရဂုဏ်အသရေ နှင့် အစွမ်းသတ္တိရှိ တော်မူစေသတည်း (၁တိ ၆း၁၅–၁၆)။

ထာဝရဘုရားကိုယ်တော်သည် ရှေးဦးစွာ၌မြေကြီးကိုတည်တော်မူပြီး၊ မိုယ်းကောင်းကင်သည်လည်း လက်တော်နှင့် ဖန်ဆင်းသောအရာ ဖြစ်ပါ၏။ ထိုအရာတို့သည် ပျက်စီးခြင်းသို့ရောက်သော်လည်း ကိုယ်တော်သည် အမြဲတည်တော်မူ၏။ ထိုအရာရှိသမျှတို့သည် အဝတ်ကဲ့သို့ ဟောင်းနွမ်းခြင်းသို့ ရောက်၍၊ ကိုယ်တော်သည် ဝတ်လုံကို လိပ်တော်မူသဖြင့် ပြောင်းလဲစေသော်လည်း၊ ကိုယ်တော်သည် ပြောင်းလဲတော်မမူပါ (ဟေဗြဲ ၁း၁၀ ၁၂)။

သခင်ယေရှု၊ ကိုယ်တော်သည် သေသောသူတို့တွင် သားဦးဖြစ်တော်မူထသော၊ လောကီဘုရင်တို့၏အထွဋ်ဖြစ်တော်မူသော အရှင်ဖြစ်ပါ၏။ မိမိ၏အသွေးနှင့် ကျွန်ုပ်တို့အပြစ်များကို ဆေးကြောတော်မူ၍ ခမည်းတော်ဘုရားသခင်ရှေ့၌ ရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း၊ ခန့်ထားတော်မူပါ၏။ ကိုယ်တော်သည် အာလဖဖြစ်၏။ ဩမေဃလည်း ဖြစ်၏။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ၍၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလအစဉ်ရှိတော်မူသော ထာဝရအရှင် ဖြစ်တော်မူ၏(ဗျာ ၁း၅–၂၀)။ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူကာ၊ ထိုအရာတို့သည် အလိုတော်ကြောင့် ဖြစ်၍ ဖန်ဆင်းလျက်ရှိ၏။ ထို့ကြောင့် ကိုယ်တော်သည် ဘုန်းအသရေတန်ခိုးတော်ကို ခံစားထိုက်တော်မူပါ၏ (ဗျာ ၄း၈–၁၁)။ အသေသတ်ခြင်းကို ခံခဲ့ပြီးသော သိုးသူငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းကြီးမင်္ဂလာကို ခံထိုက်တော်မူပါ၏ (ဗျာ ၅း၈–၁၄)။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ထာဝရအရှင် ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့ဩဖွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင် ကိုယ်တော်၏ အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏။ အို ထာဝရဘုရား ကိုယ်တော်ကို မကြောက်မရွံ့ဘဲ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူ နေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့် စီရင်တော်မူခြင်း အရာတို့သည် ထင်ရှားသည်ဖြစ်၍၊ လူမျိုးပေါင်းတို့သည် လာ၍ ရှေ့တော်၌ ကိုးကွယ် ကြပါလိမ့်မည် (ဗျာ ၁၅း ၁–၈)။

## ၅။ ကိုယ်တော်၏ကျေးဇူးတော်နှင့် ဂရုဏာတော်ကိုတောင်းခံကြပါ၏

ဂရုဏာတော်ရှင်ဘုရားသခင် ကိုယ်တော်ကိုပြစ်မှားကြသော်လည်း သနားခြင်းဂရုဏာတော် ကြီးမားသည်နှင့်အညီ မြန်မာပြည်တွင် ကျွန်ုပ်တို့လွန်ကျူးသောအပြစ်များကို ဖယ်ရှားတော်မူပါ။ အနာငြိမ်းစေတော်မူပါ (ဆာလံ ၄၁း၄၊ ၅၁း၁)။ ကျွန်ုပ်တို့ဒုစရိုက် အပြစ်များကိုဝှက်ထားပါက ချမ်းသာရမည် မဟုတ်ပါ။ ထို့ကြောင့် အပြစ်များကိုဝန်ချကာ စွန့်လွှတ်ငြင်းပယ်ကြပါပြီ။ ဂရုဏာထားတော်မူပါ(သုတ္တံ ၂၈း၁၃)။ ကျွန်ုပ်တို့၏ဘိုးဘေးများ ပြစ်မှားမိသော အပြစ်များကို ကျွန်ုပ်တို့၌မှတ်တော်မမူပါနှင့်။ ကျွန်ုပ်တို့သည် အလွန်လိုအပ်ကြသည်ဖြစ်၍၊ ဂရုဏာတော်သည် အလျင်အမြန် ကူမပါစေသော (ဆာလံ ၇၉း၈)။

အပြစ်မှလွှတ်တော်မူထသော၊ ကျန်ကြွင်းသော အမွေတော်လူတို့၏ လွန်ကျူးခြင်းများကို သည်းခံတော်မူထသော၊ ဂရုဏာ၌ မွေ့လျော်သောကြောင့် အစဉ်အမျက်ထွက်တော်မမူသော ကိုယ်တော်ကဲ့သို့ အဘယ်ဘုရားရှိပါသနည်း (မိက္ခာ ၇း၁၈)။ ဣသရေလလူတို့အပေါ် ဂရုဏာထားသကဲ့သို့ မြန်မာပြည်သူ/သားတို့အပေါ် ဂရုဏာထားတော်မူပါ။ ကျွန်ုပ်တို့ကို ဖျက်ဆီးတော်မမူ၊ စွန့်ပစ်တော်မမူပါနှင့်။ ဂရုဏာကျေးဇူးတော်ကို ယခင်က မခံရသော်လည်း ယခုတွင် ခံရကြသဖြင့် ကိုယ်တော်ကို ချီးမွမ်းကြပါလိမ့်မည် (နေဟမိ ၉း၃၁၊ ၁ပေ ၂း၁၀၊ ရောမ ၁၅း၉)။ တရားသဖြင့်ပြုခြင်း ဂရုဏာကို

နှစ်သက်ခြင်း၊ ဘုရားသခင်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်း၊ အစရှိသော ကောင်းသောလမ်းနှင့် ကျွန်ုပ်တို့ကို တောင်းဆိုသောအရာများကို ပြခဲ့ပါ၏ (မိက္ခာ ၆း၈)။

ကိုယ်တော်အလိုတော်ကိုဆောင်ရန် ခွန်အားပေးတော်မူပါ။ တရားအမှုကို တရားသဖြင့် စီရင်ရန်၊ သနားခြင်း ဂရုဏာစိတ်နှင့် တစ်ယောက်ကိုတစ်ယောက် ကျေးဇူးပြုရန် ကိုယ်တော်ပြခဲ့သော ပုံသက်သေကို လိုက်လျှောက်ရန် ကူမ တော်မူပါ။ သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သနားစုံမက်ခြင်းကို ခံရကြလတ့် (ဇာခရိ ၇း၉၊ မဿဲ ၅း၇၊ ရောမ ၁၂း၈)။ တရားသဖြင့်စီရင်ခြင်း၊ သူတစ်ပါးကို သနားခြင်း၊ သစ္စာစောင့်ခြင်း တို့ကို လျစ်လျူမပြုမိကြပါစေနှင့်(မဿဲ ၂၃း၂၃)။ အသင်းတော်တစ်ရပ်လုံးသည် အသက်ရှင်သော ဘုရားသခင်၏ သားတော်၊ ယေရှုခရစ် ကျွန်ုပ်တို့ကို သနားတော်မူပါဟု အစဉ်အော်ဟစ်ကြပါ၏ (မဿဲ ၉း၂၇၊ လုကာ ၁၈း ၃၈၊ မဿဲ ၁၅း၂၂)။ ဂရုဏာတော်၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းမေတ္တာ ကျွန်ုပ်တို့အပေါ် များပြားပါစေသော (ယုဒ ၂)။

## ၆။ ကျွန်ုပ်တို့တိုင်းပြည်ကိုချမ်းသာပေးရန် (အနာငြိမ်းစေရန်) ဆုတောင်းပါ၏

ကိုယ်တော်သည် ဤကမ္ဘာမြေကြီးတွင် လူသားတို့ကို ကိုယ်တော့်ကိုယ်စားလှယ်များ ဖြစ်စေရန် ဖန်ဆင်းခဲ့ပါ၏။ မြေကြီးကို ပြည့်စေ၍ နိုင်ကြရန်၊ ပင်လယ်ငါး မိုယ်းကောင်းကင်ငှက်တို့ကိုငှင်း၊ သားယဉ်တို့ကိုငှင်း၊ မြေတပြင်လုံးနှင့်တကွ မြေပေါ်မှာ သွားတတ်သော တိရိစ္ဆာန်အပေါင်းတို့ကို အုပ်စိုးစေပါ၏ (ကမ္ဘာ ၁း ၂၆)။ မြေကြီးပေါ်မှာ ရှိသောသူတို့အား အသက်ကိုငှင်း၊ မြေကြီးကိုကျော်နင်းသောသူတို့အား ဝိညာဉ်ကိုငှင်း၊ ကိုယ်တော်ပေးတော်မူ၏ (ဟေရှာ ၄၂း၅၊ ကမ္ဘာ ၂း၇)။ ကိုယ်တော်သည် စပါးသီးကိုဖြစ်စေသော စပါးပင်အမျိုးမျိုး တို့ကိုငှင်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော သစ်ပင်မျိုးမျိုးတို့ကိုငှင်း၊ လူသားတို့စားစရာဘို့ ပေးပါ၏ (ကမ္ဘာ ၁း၂၉၊ ၉း၃၊ တရားဟော ၁၂း၁၅)။ ကိုယ်တော်သည် မြေကြီး၏ ဆီဥကိုငှင်း၊ များစွာသောဆန်စပါး၊ စပျစ်ရည်ကိုငှင်း၊ ဖြစ်စေကာ စပျစ်ရည်သည်လည်း ကျွန်ုပ်တို့နှလုံးကို ရွှင်လန်းစေလျက်၊ ဆီအားဖြင့်လည်း မျက်နှာကို တောက်ပစေပါ၏။ မုန့်သည်လည်း နှလုံးကို ခွန်အားပေး ထောက်မပါ၏ (ကမ္ဘာ ၁း၁၁၊ ၂၇း၂၈၊ ဆာလံ ၁၀၄း၁၄–၁၅)။ မြေကြီးကို အကြည့်အရှုကြွလာ၍ မိုးကိုများစွာရွာစေလျက်၊ ရေနှင့် ပြည့်သော ဘုရားသခင်၏ မြစ်အားဖြင့် အလွန်ကြွယ်ဝစေတော်မူ၏။ စပါးနှင့်စပျစ်ရည်ကို စုသိမ်းစေခြင်းငှါ အရင်မိုယ်း၊ နောက်မိုယ်းကို ပေးပါ၏ (ဆာလံ ၆၅ း၉၊ ၁၄၇ း၈၊ တရားဟော ၁၁း၁၄)။

ကိုယ်တော်သည် ကမ္ဘာမြေကြီးတခွင်လုံးအပေါ် စိုးစံတော်မူ၏ (ဆာလံ ၉၇း၁)။ မြေကြီးကို လူသားတို့အုပ်စိုးရန် ပေးတော်မူ၏ (ဆာလံ ၁၁၅း၁၆၊ ကမ္ဘာ ၁း၂၆)။ သို့သော် ဤမြန်မာပြည်ရှိ ဖြစ်ပျက်သမျှကို ကိုယ်တော်သိရှိကာ (ဇာခရိ ၄း၁၀၊ ဆာလံ ၃၃း၃) ကောင်းမှု မကောင်းမှု မှန်သမျှကို ရှုမြင်ပါ၏ (သုတ္တံ ၁၅း၃)။ ကိုယ်တော်ရှေ့၌ မထင်ရှားသောအရာ တစ်စုံတစ်ခုမျှမရှိ။ ခပ်သိမ်းသောအရာတို့သည် အကာအကွယ်မရှိဘဲ မျက်မှောက်တော်၌ လှန်ထားလျက်ရှိပါ၏ ဖြစ်ပျက် သမျှတို့အတွက် ကိုယ်တော်ရှေ့၌ ကျွန်ုပ်တို့တာဝန်ခံရမည်ဖြစ်ပါ၏ (ဟေဗြဲ ၄း၁၃)။ ယခုတွင် ကိုယ်တော်ရှေ့၌ ရပ်ကာ မြန်မာပြည်ရှိ ကျွန်ုပ်တို့သည် ကိုယ်တော်ပေးသောတာဝန်ကို မကျေပြွန်ခဲ့ကြောင်း ဝန်ခံကြပါ၏။ ကျွန်ုပ်တို့အပြစ်နှင့် ကိုယ်တော်အား ပုန်ကန်ခြင်းတို့ကြောင့် ဤမြေသည် ပျက်စီးယိုယွင်းကာ ညစ်ညူးလျက်ရှိပါ၏ (ကမ္ဘာ ၆း၁၁–၁၂၊ ဟေရှာ ၂၄း ၄–၆)။ ကိုယ်တော့်သားသမီးများ အထံတော်သို့ပြန်လှည့်လာကာ ပြည့်စုံသောရွေးနုတ်ခြင်းနှင့် မြန်မာပြည်၏ အနာ ငြိမ်းချမ်းသာခြင်း တို့အတွက် တောင်းပန်ကြပါ၏။ ကျွန်ုပ်တို့ကို ကျေးဇူးပြုတော်မူပါ (ရောမ ၈း၁၉–၂၃၊ ၆ရာ ၇း၁၃– ၁၅)။

## ၇။ အသွေးသွန်းခြင်းအပြစ်ကို နောင်တရကြပါ၏

အဖဘုရားသခင် ကိုယ်တော်သည် ချစ်သနားခြင်း၊ မေတ္တာဂရုဏာနှင့်ပြည့်စုံ၍၊ စိတ်ရှည်ခြင်း၊ သစ္စာစောင့်ခြင်းနှင့် ပြည့်စုံကာ၊ ဒုစရိုက်ကျူးလွန်ခြင်းနှင့် အပြစ်တို့ကို ဖြေလွှတ်တော်မူပါ၏ (ထွက် ၃၄း၆–၇)။

ဤမြေတွင် မှောင်မိုက်သောအရပ်များရှိကာ ကိုယ်တော့်ရှေ့မှာပုပ်စပ်ပြီး၊ အဓမ္မအမှုနှင့်ပြည့်စုံကာ ညစ်ညူးစေကြ ပါ၏(ဆာလံ ၇၄း၂၀၊ ကမ္ဘာ ၆း၁၁–၁၂၊ ဟေရှာ ၂၄း ၁၂)။ ဤပြည်သည် ဆူးပင်အမျိုးမျိုးပေါက်ကာ လူတို့ကိုအော့အန် လျက်ရှိပါ၏ (ကမ္ဘာ ၃း ၁၇–၁၈၊ ဝတ်ပြု ၁၈း ၂၅–၂၈)။

ဤမြေသည် အသွေးသွန်းခြင်းနှင့်ဆိုင်သော ရာဇဝတ်မှုများနှင့်ပြည့်ကာ၊ ကျေးလက်ဒေသနှင့် မြို့ကြီးများတွင်လည်း ညှင်းဆဲနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်ခြင်းတို့နှင့် ပြည့်နေပါ၏။ ဘိုးဘေးများတို့နှင့်တကွ ကျွန်ုပ်တို့သည် လူ့အသက်ကို ရိုသေခြင်းမရှိကြပါ(ယေဇ ၇း၂၃၊ ဟဗက္ကုတ် ၂း၁၂)။ လူ့အသက်သတ်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းတို့ဖြင့် အသွေးသွန်းခြင်းအပြစ်ကို ကျူးလွန်သောကြောင့် လူများစွာတို့သည် ပြေးလွှားကာ တစ်နယ်တစ်ကျေးတွင်ခိုလှုံကြရပါ၏ (ကမ္ဘာ ၄း၁၁–၁၂)။ မြေကြီးသည် ကျိန်ခြင်းခံရကာ လုပ်ဆောင် သော်လည်း အသီးအနှံကိုမရ။ ကျွန်ုပ်တို့ခေါင်းပေါ်မှာ မိုးကောင်းကင်သည် ကြေးဝါကဲ့သို့၎င်း၊ မြေသည် သံကဲ့သို့၎င်းဖြစ်ပါ၏ (တရားဟော ၂၈း၂၃၊ ဆာလံ ၁၀၇း၃၄)။ ကိုယ်တော်သည် အသွေးသွန်းသောလက်ကို မုန်းတီးကာ သူတို့၏ဆုတောင်းခြင်းကို နားမညောင်းပါ (သုတ္တံ ၆း၁၇၊ ဟေရှာ ၁း၁၅၊ ၅၉း၂)။ ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်သည်ဟု ကိုယ်တော်မိန့်ဆိုထားကာ ထိုသူတို့၏အသွေးသည် ဂလဲ့စားချေရန် အော်ဟစ်လျက်ရှိမည်ဟု မိန့်တော်မူခဲ့ပါ၏ (ကမ္ဘာ ၄း၁၀၊ ဝတ်ပြု ၁၇း၁၁)။

ကျွန်ုပ်တို့ကိုရွေးနှုတ်သောအရှင်၊ မြန်မာပြည်ရှိ အသွေးသွန်းခြင်းအပြစ်ကို ခွင့်လွှတ်တော်မူပါ။ အသွေးသွန်းခြင်းအပြစ်နှင့်ဆိုင်သောကျိန်ခြင်းကို ဤမြေပေါ်မှဖယ်ရှားပေးတော်မူပါ။ ကျွန်ုပ်တို့လွန်ကျူးသောအပြစ်နှင့် ဒုစရိုက်အပြစ်တို့ကို ဆေးကြောသန့်ရှင်းစေတော်မူပါ (ယောလ ၃း၂၁၊ ဆာလံ ၅၁း၂၊ ၁၄)။ ကိုယ်တော်သည် တိုင်းနိုင်ငံများကို ဆုံးမစီရင်သောအခါ စစ်မှုကိုငြိမ်းစေတော်မူပါ၏ (ဆာလံ ၄၆း၉၊ မိက္ခာ ၄း၃)။ ဂရုဏာထားတော်မူ၍ မြန်မာပြည်တွင် နိုင်ငံတော်တည်သောအားဖြင့် ငြိမ်သက်ခြင်းအရှင်သည် ကျွန်ုပ်တို့အလယ်၌ အုပ်စိုးပါစေသော (ဟေရှာ ၉း၆–၇၊ ဇာခရိ ၉း၁၀၊ ရောမ ၁၄း၁၇)။

## ၈။ ရုပ်တုဆင်းတုပြုလုပ်ကိုးကွယ်ခြင်းအတွက် နောင်တရခြင်း

ကောင်းကင်ဗိုလ်ခြေထာဝရဘုရား ကိုယ်တော်တစ်ပါးတည်းသာလျှင် ဘုရားဖြစ်တော်မူထသော ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းကာ (ဟေရှာ ၃၇း၁၆)၊ ကိုယ်တော်မှတစ်ပါး အခြားသောဘုရားမရှိ၊ ကိုယ်တော်သည် တရားမျှတသောဘုရား၊ ကယ်တင်သောအရှင် ဖြစ်တော်မူ၏ (ဟေ ရှာယ ၄၅း၂၁)။

ကျွန်ုပ်တို့နှင့်တကွ ဘိုးဘေးများတို့သည် မှန်သောဘုရားသခင်အရာ၌ မှားသောအရာကိုထားလျက်၊ ဖန်ဆင်းသောအရှင်ကိုပယ်၍၊ ဖန်ဆင်းအပ်သောအရာကို ကိုးကွယ်သောသူ ဖြစ်ကြပါ၏ (ရောမ ၁း၂၁–၂၅)။ လူအပေါင်းတို့သည် ကိုယ်တော်၏နာမတော်ကိုမေ့လျော့၍၊ တစ်ပါးအမျိုး၏ဘုရားထံသို့ လက်ကိုဆန့်လျက်ကိုးကွယ်ကြပါ၏(ဆာလံ ၄၄း၂၀)။

ရုပ်တုကိုးကွယ်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ လောဘလွန်ကျူးခြင်း၊ ညစ်ညူးစွာကျင့်ခြင်းတို့ဖြင့် ဤမြေကိုညစ်ညူးစေကြပါ၏၊ (ကောလော ၃း၅၊ ဆာလံ ၁၀၆း၃၈၊ ယေဇကျေလ ၂၂း၄၊ ၃၆း၁၈)။

ဘုရားသခင်သည်ကျွန်ုပ်တို့အား ကိုယ်အဘို့ထုလုပ်သောရုပ်တုဆင်းတုကိုမရှိစေရ၊ ကျွန်ုပ်တို့ပြည်၌ ကိုးကွယ်စရာမှတ်တိုင်ကိုမစိုက်ရ၊ ထုသောကျောက်ကိုထောင်မထားရ၊ ငါသည် သင်တို့၏ဘုရားသခင်ထာဝရဘုရားဖြစ်သည်ဟု မိန့်မှာထားပါ၏ (ဝတ်ပြု ၂၆း၁)။ အို အကျွန်ုပ်ဘုရားသခင်၊ ကိုယ်တော်ထံသို့ မမျှော်မကြည့်ဝံ့၊ ရှက်ကြောက်၍ မျက်နှာနီပါ၏။ အကျွန်ုပ်ဘုရားသခင်၊ အကျွန်ုပ်တို့ပြုမိသောဒုစရိုက်တို့သည် အကျွန်ုပ်တို့ခေါင်းပေါ်မှာ အထပ်ထပ်လွှမ်းမိုး၍၊ ကြီးစွာသောအပြစ်သည် မိုးကောင်းကင်သို့မှီပါ၏။

အဖဘုရား ကျွန်ုပ်တို့သည် အပြစ်၏အသီးများကို ရိတ်သိမ်းနေကြပါ၏။ ကိုယ်တော်နှင့်ဝေးကွာကာ သစ္စာမဲ့သောအပြုအမူများကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အစာရေစာခေါင်းပါးခြင်း တို့နှင့် လူတစ်မျိုးနှင့်တစ်မျိုး ရန်တုံ့မှုခြင်း၊ သဘာဝဘေးအန္တရာယ်များ စသည်တို့ကိုရင်ဆိုင်ရကာ ဤမြေကိုပျက်စီးစေပါ၏(ယေဇကျေလ ၁၄း၁၂–၂၁၊ ယေရမိ ၂း၅)။

ကျွန်ုပ်တို့သည် ဘိုးဘေးတို့နှင့်တကွ ဒုစရိုက်ကိုပြုကာ အဓမ္မလမ်းကို လျှောက်လှမ်းခဲ့မိကြပါ၏။ ကျွန်ုပ်တို့အပေါ် ဂရုဏာထားကာ အပြစ်ကို ခွင့်လွှတ်တော်မူပါ(ဆာလံ ၁၀၆း၉)။ ဤညစ်ညူးမှုနှင့် ရုပ်တုတို့မှ ကျွန်ုပ်တို့ကို သန့်ရှင်းစေတော်မူပါ(ယေဇကျေလ ၃၆း၂၅–၂၆)။

ကျွန်ုပ်တို့၏နှုတ်ခမ်းတို့မှ အခြားဘုရားများ၏ အမည်နာမများကို ဖယ်ရှားပေးပြီး သန့်ရှင်းဖြူစင်၍ အပြစ်အနာအဆာကင်းသော အသင်းတော်ပေါ်ပေါက်စေခြင်းဖြင့် ကောင်းကင်အရပ်တို့ရှိ အထွဋ်အမြတ်၊ အာဏာစက်၊ မှောင်မိုက်တန်ခိုးတို့အား ကိုယ်တော်၏ ပညာတော်ကို ထင်ရှား စွာပြသတော်မူပါ (ဟောရှေ ၂း၁၇၊ ဧဖက် ၃း၁၀–၁၁)။

## ၉။ မတရားမှုနှင့်ပဋိညာဉ်များချိုးဖောက်ခြင်းအတွက် နောင်တရခြင်း

အဖဘုရား တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏ တည်ရာဖြစ်ပါ၏။ ဂရုဏာနှင့် သစ္စာသည် မျက်မှောက်တော်ရှေ့၌ သွားကြပါ၏(ဆာလံ ၈၉း၁၄−၁၅)။ ကောင်းသောလမ်းကို ပြတော်မူ၍ ဂရုဏာကို နှစ်သက်ခြင်း၊ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းကို ကျွန်ုပ်တို့အား တောင်းဆိုထားပါ၏(မိက္ခာ ၆း၈)။

ဤကမ္ဘာလောကကိုစီရင်သောအရှင်၊ ကျွန်ုပ်တို့အသိုင်းအဝိုင်းနှင့်တိုင်းပြည်အတွက် ဂရုဏာတော်နှင့် ကျေးဇူးတော်ကိုတောင်းခံပါ၏။ ဖြောင့်မတ်စွာစီရင်ခြင်းသည် ကျွန်ုပ်တို့နှင့်ဝေးကွာပါ၏။ ကိုယ်တော်ကိုပြစ်မှားခြင်း၊ ငြင်းပယ်ခြင်းကိုပြု၍ ကိုယ်တော်ကို စွန့်ကြပါ၏။ ညှဉ်းဆဲသောစကား၊ ပုန်ကန်သော စကားကိုပြောကာ မဟုတ်မမှန်သော စကားကို အောက်မေ့၍ စိတ်နှလုံးထဲကမြွက်ဆိုကြပါပြီ(ဟေရှာယ ၅၉း၉−၁၅)။

ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကိုပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ တိုင်းပြည်သည်ညစ်ညူးခြင်းရှိပါ၏ (ဟေရှာယ ၂၄ း၃ −၆)။

မတရားသောအမှုအားဖြင့် မိမိအိမ်ကိုဆောက်ကြကာ၊ အခမပေးဘဲစေစားကြပါ၏ (ယေရ မိ ၂၂း၃)။ မြို့များတို့ကို ဒုစရိုက်နှင့်အဓမ္မအမှုဖြင့် တည်ခဲ့ကြပါ၏ (ဟဗက္ကုတ် ၂း၁၂)။

ငတ်မွတ်သောသူတို့ကို တရားစီရင်ခြင်း၊ ဆင်းရဲသားတို့ကိုဖိနှိပ်ခြင်း၊ မုဆိုးမတို့ကို ညှင်းဆဲခြင်း၊ မိဘမရှိသောသူတို့၏ဥစ္စာကို လုယူခြင်းတို့ဖြင့် မတရားသဖြင့်စီရင်ကြပါပြီ (ဟေရှာယ ၁၀ း၂)။ နောင်တရလျက်၊ ခွင့်လွှတ်ပါရန် တောင်းခံကာ ကိုယ်တော့်ထံသို့ ပြန်လာပါ၏။ ကျွန်ုပ်တို့နှလုံးသားများကို သစ္စာတရား၊ ဖြောင့်မတ်ခြင်းတို့နှင့်ပြည့်စေကာ တိုင်းပြည်ကို ချမ်းသာပေးတော်မူပါ။ သခင်ယေရှုနာမတော်၌တောင်းခံပါ၏။

## ၁၀။ စာရိတ္တပျက်ပြားခြင်းအတွက် နောင်တရခြင်း

အဖဘုရား ကျွန်ုပ်တို့သည် လင်မယားကွာရှင်းပြတ်ဆဲခြင်း၊ ညစ်ညူးသော လိင်မှုဆက်ဆံရေးများ ဖြစ်သည့် လိင်တူဆက်ဆံခြင်း (Homosexuality) သွေးသားတော်စပ်သူနှင့် လိင်ဆက်ဆံခြင်း၊ မတရားသောမေထုန်၊ ပြည့်တန်ဆာလုပ်ခြင်းတို့ဖြင့် ဤပြည်ကို ညစ်ညူးစေပါပြီ (ယေရမိ ၃း၁−၃၊ ရောမ ၁း၂၆−၂၇၊ ဝတ်ပြု ၁၈း၂၃)။ ကျွန်ုပ်တို့သည် အလုံးစုံသော အဓမ္မကျင့်ခြင်း၊ ဆိုးညစ်ခြင်း၊ လောဘလွန်ကျူးခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ လူ့အသက်ကို သတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတစ်ပါးကို မြင်ပြင်းခြင်းတို့နှင့် ပြည့်ကြပါ၏။ ကျွန်ုပ်တို့သည် ချောစားသောသူ၊ ဆဲရေးသောသူ၊ ဘုရားသခင်ကို မုန်းသောသူ၊ ကြမ်းတမ်းသောသူ၊ မာနထောင်လွှားသောသူ၊ ဝါကြွားသောသူ၊ မတတ်ကောင်းသော အတတ်ကို စီရင်သောသူ၊ မိဘစကားကို နားမထောင်သောသူ၊ သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊ မိဘသားမယား စသည်တို့ကို မချစ်သောသူ ဖြစ်ကြပါ၏ (ရောမ ၁း၂၉−၃၀)။

အသင်းတော် (ခရစ်တော်၏ခန္ဓာကိုယ်)၌ပင် ကျွန်ုပ်တို့ကိုယ်ခန္ဓာများကို စာရိတ္တပျက်ပြားမှုတို့ဖြင့် ညစ်ညူးစေကာ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်သော ဗိမ္မာန်တော်ကို ညစ်ညူးစေကြပါ၏ (၁ကော ၆း၁၈−၂၀)။

ဇာတိပကတိ၏ အလိုဆန္ဒနောက်သို့မလိုက်ဘဲ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေရန် မစတော်မူပါ(ရောမ ၈း၁၃)။ ဝိညာဉ်ပကတိ၌ လျှောက်လှမ်းခြင်းဖြင့် ဇာတိပကတိအလိုကို မကျင့်ပါမည့်အကြောင်း မစတော်မူပါ(ဂလာတိ ၅း၁၆−၂၆)။ သာသနာပလူ(မယုံကြည်သူ)တို့သည် ကျွန်ုပ်တို့၏ကောင်းသော အကျင့်ဖြင့် ဘုန်းတော်ထင်ရှားစေခြင်းကိုမြင်တွေ့နိုင်ရန်အလို့ငှါ သူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာ ကျင့်နိုင်ရန်မစတော်မူပါ (၁ပေ ၂း၁၁−၁၂)။ ဇာတိပကတိ စိတ်သဘောများအတွက် ခွင့်လွှတ်ကာ ဝိညာဉ်ပကတိစိတ်ရှိရန် မစတော်မူပါ(ရောမ ၈း၅−၈)။ ကောင်းမြတ်သော အရာ၊ နှစ်သက်ဖွယ်သောအရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာ ဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ နှုတ်ကပတ်တော်အားဖြင့် စိတ်နှလုံးကိုအသစ်ပြင်ဆင်ကာ ကျွန်ုပ်တို့ကို ပြုပြင်ပြောင်း လဲ စေတော်မူပါ (ရောမ ၁၂း၂)။

## ၁၁။ ကျွန်ုပ်တို့အပေါ်ကိုယ်တော့်ဝိညာဉ်တော်ကိုသွန်းလောင်းတော်မူပါ။

ခမည်းတော်ဘုရား၊ ကျွန်ုပ်တို့ကိုသွန်သင်ရန်၊ လမ်းပြရန်နှင့် နှစ်သိမ့်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးသောကြောင့် ကျေးဇူးတင်ပါ၏(ယောဟ၁၄း၂၆)။

သန့်ရှင်းသောဝိညာဉ်တော်ကို အကြိမ်များစွာဝမ်းနည်းစေခြင်း၊ အရှိန်ငြိမ်းစေခြင်း နှင့် ကိုယ်တော်နည်းလမ်းကို အပ်နှံဝန်ခံရန် ငြင်းပယ်ခဲ့မိသောအပြစ်တို့ကို ခွင့်လွှတ်တော်မူပါ(ဧဖက် ၄း၃၀၊ တမန်တော် ၅း၉၊ ၁သက် ၅း၁၉)။

ကိုယ်တော်၏ ရန်ဘက်များမဖြစ်ရန် ဝိညာဉ်တော်ကို ဆန့်ကျင်၍ပြောဆိုခြင်း၊ ပုန်ကန်ခြင်းနှင့် မုသာပြောခြင်းတို့မှ ကျွန်ုပ်တို့ကို ကွယ်ကာတော်မူပါ (မဿဲ ၁၂း ၃၂၊ တမန် ၅း၃၊ ဟေရှာ ၆၃း၁၀–၁၁)။

လူအပေါင်းတို့နှင့် အခွင့်အဏာရှိသောသူတို့ထံပင်–ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ရဲရင့်စွာဟောပြောဝေငှနိုင်ရန်သန့်ရှင်းသောဝိညာဉ်တော်၏ ပညာ၊ ဉာဏ်၊ တန်ခိုး၊ သွန်သင်ခြင်းနှင့်အသိပညာတို့ကို ပေးသနားတော်မူပါ (ဟေရှာယ ၁၁း၂၊ ဒံယေလ ၄း၉၊ ၅း၁၁)။

ညှင်းဆဲခံရချိန်ပင်လျှင် သမ္မာတရားကိုပြောနိုင်ရန်နှင့်ကျွန်ုပ်တို့နှလုံးသားထဲ၌ ချစ်ခြင်းနှင့်မျှော်လင့်ခြင်းအကြောင်းပြောရန်– တိတ်ဆိတ်စွာမနေပါမည့်အကြောင်း ဝိညာဉ်တော်ဖြင့် ပြည့်ဝစေတော်မူပါ (တမန် ၄း၃၁)။

နှလုံးသားထဲသို့ ဝိညာဉ်တော်ဖြင့်ချစ်ခြင်းမေတ္တာကို သွန်းလောင်းတော်မူပါ။ အခြေအနေပေါ်တွင် မတည်သောမေတ္တာနှင့်ချစ်နိုင်ရန်မစတော်မူပါ(ရောမ ၅း၅)။ "...ကျွန်ုပ်တို့ကို ကြောက်တတ်သောစိတ်ကို မပေးပါ။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သော စိတ်နှင့် ရှင်းလင်းသောစိတ်ကို ပေးထားပါ၏" (၂တိ ၁း၇)။ ဝိညာဉ်တော်၏အသီးသည် ကျွန်ုပ်တို့အားဖြင့် ထင်ရှားပါစေသော။

ဤကမ္ဘာလောက၏ အပြစ်ဖြောင့်မတ်ခြင်းနှင့်၊ တရားစီရင်ခြင်းတို့ကို ဝိညာဉ်တော်အားဖြင့် ဖော်ပြတော်မူပါ (ယော ၁၆း၇–၈)။

အသင်းတော်သည် ကိုယ်တော်ကိုကြောက်ရွံ့ခြင်း၊ ဝိညာဉ်တော်၏သွန်သင်မှုဖြင့် လျှောက်လှမ်းခြင်းတို့၌ တိုးပွားစေပါ (တမန် ၉း၃၁)။ မြေကြီးစွန်းတိုင်အောင် ကိုယ်တော်၏ သက်သေများဖြစ်ရန်၊ ဝိညာဉ်တော်တန်ခိုးကို ပေးတော်မူပါ (တမန် ၁း၈)။

## ၁၂။ ကိုယ်တော့်အသံတော်ကိုလူအပေါင်းတို့ကြားသိပါစေသော။

ဆာလံ ၂၉း၁–၉ "အိုဘုရားသခင်သားတို့၊ ထာဝရဘုရားသည် ဘုန်းတန်ခိုးကြီးတော်မူသည်ဟု ဝန်ခံကြလော့။ ထာဝရဘုရား၏ နာမတော်သည် ဘုန်းကြီးတော်မူသည်ဟု ဝန်ခံလျက် သန့်ရှင်းသော တန်ဆာကိုဆင်၍ ထာဝရဘုရားကို ကိုးကွယ်ကြလော့။ ထာဝရဘုရား၏အသံတော်သည် သမုဒ္ဒရာပေါ်မှာရှိတော်မူ၏။ ဘုန်းကြီးတော်မူသော ဘုရားသခင်သည် မိုဃ်းချုန်းတော်မူ၏။ ထာဝရဘုရားသည် များစွာသောရေပေါ်မှာ ရှိတော်မူ၏။ ထာဝရဘုရား၏အသံတော်သည် ဘုန်းအာနုဘော်နှင့် ပြည့်စုံတော်မူ၏။ ထာဝရဘုရား၏ အသံတော်သည် အာရဇ်ပင်တို့ကို ချိုးတော်မူ၏။ အကယ်စင်စစ် ထာဝရဘုရားသည် လေဗနုန်အာရဇ်တောကို ချိုးတော်မူ၏။ တောကိုနွားသငယ်ကဲ့သို့၎င်း၊ လေဗနုန်တောနှင့်၊ စိရုန်တောကို ကြံ့သငယ်ကဲ့သို့၎င်း၊ ခုန်စေတော်မူ၏။ ထာဝရဘုရား၏အသံတော်သည် မီးလျှံကိုခွဲတော်မူ၏။ ထာဝရဘုရား၏အသံတော်သည် တောကိုချောက်ချားတော်မူ၏။ ထာဝရဘုရားသည် ကာဒေရှတောကို ချောက်ချားတော်မူ၏။ ထာဝရဘုရား၏ အသံတော်သည် သမင်ဒရယ်မတို့ကို မွေးဘွားစေတော်မူ၏။ တောတန်ဆာတို့ကိုလည်း ပယ်ရှင်းတော်မူ၏။ ဗိမ္မာန်တော်၌ ခပ်သိမ်းသောသူတို့သည် ဘုန်းတော်ကို။ဘော်ပြကြစေ"

ကိုယ်တော်အသံကို အမှန်သိကျွမ်းကာ သမ္မာတရားနှင့် မုသာကို ပိုင်းခြားတတ်စေပါ (ယော ၁၀း၃–၅၊ ၁၈း ၃၇)။ ကိုယ်တော်အသံကို ကြားသည့်အခါ စိတ်နှလုံးခိုင်မာခြင်းမရှိ၊ ကိုယ်တော်ကို မပုန်ကန်ပါမည့်အကြောင်း မစတော်မူပါ။

ကျွန်ုပ်တို့အသိုင်းအဝိုင်း၊ မြို့နှင့်တိုင်းပြည်တွင် လူအချို့တို့သည် ကိုယ်တော့်အား အမျက်ဒေါသ ထွက်ကြသော်လည်း ကိုယ်တော့်အသံတော် ကြားနိုင်ပါမည့်အကြောင်း မစတော်မူပါ (ဆာလံ ၄၆း၆)။ ကိုယ်တော့်ကို မသိသောသူသို့မဟုတ် မနာခံလိုသော သူတို့သည် တန်ခိုးတော်ကိုမြင်ကာ ကိုယ်တော့်ကို ကိုးကွယ်ကြပါစေသော (ထွက် ၅း၂)။

ကိုယ်တော့်နှုတ်ထွက်စကားများကို ပေးခြင်းဖြင့် အစိုးရမင်းများနှင့် ခေါင်းဆောင်များတို့သည် ကိုယ်တော့်လမ်းတော်၌ လျှောက်လှမ်းနိုင်ရန် ကျွန်ုပ်တို့အား ကိုယ်တော့်အသံများ ဖြစ်စေတော်မူပါ (မာကု ၃း၁၁)။

ဤကမ္ဘာလောကသို့ ကိုယ်တော်ပေးလိုသော သတင်းစကားကို အသင်းတော်မှတစ်ဆင့် ကြားနိုင်ရန် ကိုယ်တော်ထံသို့ ကျွန်ုပ်တို့ ချဉ်းကပ်နိုင်ပါမည်အကြောင်း မစတော်မူပါ (တရား ဟော ၅း၂၅–၂၇)။

လူအားလုံးတို့၏ နှလုံးသားကိုတို့ထိနိုင်ရန် ဧဝံဂေလိသတင်းကောင်းကို အနက်ပြန်၍ ပြောဆိုနိုင်သောအစွမ်းကို ပေးတော်မူပါ (တမန် ၂း၁၁)။

## ၁၃။ အသင်းတော်တွင်ဆက်ဆံရေးများအတွက်

သခင်ယေရှုခရစ်၊ ကိုယ်တော်သည်၊ အသင်းတော်ဖြစ်သောကိုယ်ခန္ဓာ၏၊ ဦးခေါင်းဖြစ်ပါ၏။ ကျွန်ုပ်တို့သည် အသင်းတော်အနေဖြင့် ကိုယ်ခန္ဓာတော်ကို လျှောက်ပတ်စွာမထင်(မပိုင်းခြား)ဘဲ ကိုယ်ကိုထင်သည့်အတိုင်းထက် လွန်၍ ထင်ကာ ကိုယ်တစ်ခု၌အင်္ဂါများရှိ၍ ထိုအင်္ဂါများဆောင်ရွက်စရာအမှုတစ်ခုတည်းမရှိဘဲ၊ အသီးအသီးအင်္ဂါချင်း ဖြစ်ကြောင်းကို မေ့လျော့နေမိကြကြောင်း ဝန်ခံပါ၏ (ရောမ ၁၂း၃–၅)။

ဦးခေါင်းဖြစ်သောကိုယ်တော်ကို အမှီမပြု၊ မိမိတို့စဉ်းစားတွေးခေါ်ချက်ဖြင့်သာ ဇာတိပကတိ၏စိတ်နှလုံး အချည်းနီးထောင်လွှားလျက် ဦးခေါင်းတော်နှင့်မဆက်စပ်သဖြင့် ရင့်ကျက်ခြင်းသို့ မရောက်နိုင်ကြပါ (ကောလောသဲ ၂း ၁၈–၁၉)။

အချင်းချင်းဝါးမြိုကိုက်စားကြကာ အချို့အင်္ဂါဝင်များသည် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာခေါင်းပါးမှုကြောင့် ပျက်စီးကြပါ၏ (ဂလာတိ ၅း၁၄–၁၅)။ ကျွန်ုပ်တို့ကို ခွင့်လွှတ်တော်မူလျက် ဆက်ဆံရေးများကို ပြန်လည်ထူထောင်ပေးတော်မူပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကွဲပြားခြင်းမရှိရန် အချင်းချင်းတို့ သူတစ်ပါးကိုကိုယ်နှင့်အမျှ သတိပြုစေခြင်းငှါ ဘုရားသခင်သည် ကိုယ်ခန္ဓာကို မျှဝေကြောင်း ဆင်းရဲခြင်းကိုခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကာ၊ အင်္ဂါတစ်ခုသည်ချီးမြှောက်ခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြပါ၏ (၁ကော ၁၂း၂၄–၂၇)။

အချင်းချင်းချစ်ခြင်းဖြင့် ကိုယ်တော့်မေတ္တာတော်၌ တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း ထင်ရှားစေနိုင်ရန်နှင့် ဤချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော့်တပည့်များ ဖြစ်ကြောင်းကို ဤလောက က သိပါမည့်အကြောင်း မစတော်မူပါ (ယောဟန် ၁၇ း၁၁၊ ၁၃း၃၅)။

ကျွန်ုပ်တို့ကို မဖန်ဆင်းမီထားရှိသော ရည်ရွယ်ချက်သို့ ပြန်လည်ထူမတော်မူပါ။ ကျွန်ုပ်တို့ တစ်လုံးတစ်ဝဖြစ်ကာ အချင်းချင်း လက်ခံကြသည်နှင့်အညီ  တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် ကိုယ်တော့်နာမတော်ချီးမွမ်းရာအကြောင်း ဖြစ်ပါစေသော (ရောမ ၁၅း၇)။

## ၁၄။ ယေရှုခရစ်၏အသွေးတော်

ခပ်သိမ်းသောအရာတို့ကို ကုန်မတတ်အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိဟု နှုတ်ကပတ်တော်၌ ဖော်ပြထားပါ၏ (ဟေ ဗြ ၉း၂၂)။ ပဋိညာဉ်သစ်၏ အာမခံတည်းဟူသော ယေရှုခရစ်ထံတော်သို့လာကြပါ၏ (ဟေဗြဲ ၁၂း၂၄)။ ကျွန်ုပ်တို့သည် အပြစ်၌ရှိစဉ်ပင် ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကြောင့်အသေခံတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ထင်ရှားစွာ ပြတော်မူသောကြောင့် ကျေးဇူးတင်ပါ၏(ရောမ ၅း၈)။ ကိုယ်တော်သည် ခရစ်တော်ကို အပြစ်ဖြေရာယဇ်အဖြစ် စေလွှတ်ကာ အသွေးတော်အားဖြင့် ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို ပြသခဲ့ပါ၏။ အဘယ့်ကြောင့်ဆိုသော် ယဇ်ပရောဟိတ်မင်းဖြစ်သော ခရစ်တော်သည် မိမိအသွေးနှင့် သန့်ရှင်းရာဌါနထဲသို့ တစ်ခါတည်းဝင်ကာ ကျွန်ုပ်တို့အတွက် ရွေးနှုတ်ခြင်းကျေးဇူးကို ခံရပါ၏ (ရောမ ၃း၂၄–၂၅၊ ဟေဗြဲ ၉း၁၁–၁၂)။

အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သော သိုးသူငယ်ကဲ့သို့သော ခရစ်တော်၏ အသွေးတော်မြတ်နှင့် ရွေးနှုတ်တော်မူကာ ကျေးဇူးတော်ကြွယ်ဝပြည့်စုံသည်နှင့်အညီ ခရစ်တော်၏အသွေးတော်အားဖြင့် အပြစ်လွှတ်တော်မူခဲ့ပါ၏ (၁ပေ ၁း၁၈–၁၉၊ ဧဖက် ၁း၇–၈၊ ကောလော ၁း၁၄)။ ခရစ်တော်၏ အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ကိုယ်တော်နှင့်ရန်ငြိမ်းကာ မိတ်သဟာယဖွဲ့ခြင်းအခွင့်ကို ရရှိကြပါသည် (ရောမ ၅း၉၊ ကောလော ၁း၂၀)။

အသက်ရှင်သောဘုရားကို ကိုးကွယ်နိုင်ရန်အလို့ငှါ ခရစ်တော်၏ အသွေးတော်သည် သေခြင်းနှင့်စပ်ဆိုင်သော ကျွန်ုပ်တို့၏အကျင့်ကို ပယ်ရှင်း၍ ကိုယ်ကိုယ်ကိုသိသောစိတ်ကို စင်ကြယ်စေပါ၏ (ဟေဗြဲ ၉း၁၄)။ ကျွန်ုပ်တို့ကိုချစ်ကာ အသွေးတော်ဖြင့် အပြစ်များကို ဆေးကြောပေးသောကြောင့် အပြစ်ရှိသမျှနှင့်ကင်းစင်စေပါ၏ (ဗျာဒိတ် ၁း၅၊ ၁ယော ၁း၇)။ ကျွန်ုပ်တို့ကို ဝိညာဉ်တော်၌ အသွေးတော်ဖြင့် သန့်ရှင်းစေပါ၏ (ဟေဗြဲ ၁၃း၁၂၊ ၁ပေ ၁း၂)။ ကိုယ်တော့်အသွေးတော်အားဖြင့် စာတန်ကို အောင်မြင်ကြရပါ၏ (ဗျာဒိတ် ၁၂း၁၁)။

ကိုယ်တော့်အလိုတော်ကိုဆောင်နိုင်ရန် ထာဝရပဋိညာဉ်တရားတော်၏ အသွေးတော်အားဖြင့် ကောင်းသော အကျင့် အမျိုးမျိုး၌ ကျွန်ုပ်တို့ကို ပြုပြင်ပေးတော်မူပါ။ ကိုယ်တော် နှစ်သက်တော်မူသော အမှုအရာကို ကျွန်ုပ်တို့၌ပြုတော်မူပါ။ သခင်ယေရှုခရစ်သည် ကမ္ဘာ အဆက်ဆက် ဘုန်းကြီးတော်မူပါစေသတည်း။ အာမင် (ဟေဗြဲ ၁၃း၂၀–၂၁)။

## ၁၅။ အသင်းတော်သည် မိမိရည်ရွယ်ချက်ပြည့်စုံနိုင်ရန်

အဖဘုရား။ ။ လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်ရမည်အကြောင်း ယေရှုခရစ်သည် အသင်းတော်အားဖြင့် ထင်ရှားပါမည် အကြောင်း ဆုတောင်းပါ၏ (ရောမ ၁၆း၂၅–၂၇)။

ကိုယ်တော်၏အမှုကို ဆောင်ရွက်နိုင်ရန် ဝိညာဉ်ဆုကျေးဇူးများကိုပေးကာ အဆုံးတိုင်အောင် ခိုင်ခံ့စေတော်မူခြင်း ဖြင့် သခင်ယေရှုခရစ်နေ့ရက်တွင် အပြစ်တင်ခြင်းနှင့် ကင်းလွတ်ပါမည်အကြောင်း မစတော်မူပါ (၁ကော ၁း ၄–၈)။

အဖ– ကျွန်ုပ်တို့သည် ယေရှုကိုယုံကြည်ခြင်းနှင့် ချစ်ခြင်း၌ကြီးထွားရန် ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုပါ၏။ ယေရှုခရစ်၏ ဘုရားသခင်ဖြစ်တော်မူသော ခမည်းတော်ဘုရားသည် ကိုယ်တော်မြတ်ကို သိခြင်း အလို့ငှါဝင်း၊ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းနှင့် မြန်မာပြည်ရှိလူတို့သည် ကိုယ်တော်ကိုသိစေကြရန် ကိုယ်တော်၏ ပညာနှင့် ဗျာဒိတ်ဖေါ်ပြသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အားပေးသနားတော်မူပါ။ ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုဝင်း၊ သန့်ရှင်းသူတို့ခံရသော အမွေတော်၏ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုဝင်း ယုံကြည်သော ကျွန်ုပ်တို့အထဲ၌ရှိသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုဝင်း၊ သိပါမည့်အကြောင်း ဥာဏ် မျက်စိကို လင်းစေတော်မူပါ (ဧဖက် ၁း၁၅–၂၃)။

အသင်းတော်သည် "ဆုတောင်းရာအိမ်" ဖြစ်သဖြင့် ဆုတောင်းပဌနာပြုခြင်း အမှု၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းအမှု၊ ကင်းစောင့်ခြင်းအမှုများပြုရန် မစတော်မူပါ (ကောလော သဲ ၄း၂)။ ကျွန်ုပ်တို့၌ ယုံကြည်ခြင်းလိုသေးသမျှကို စုံလင်စေ တော်မူပါ။ အချင်းချင်းကိုဝင်း၊ သူတစ်ပါးအပေါင်းတို့ကိုဝင်းချစ်၍ ချစ်ခြင်းမေတ္တာနှင့် အထူးသဖြင့်ကြွယ်ဝပြည့်စုံ စေတော် မူပါ။ ကိုယ်တော့်မျက်မှောက်တော်တွင် အပြစ်တင်ခွင့်နှင့်ကင်းလွတ်၍ သန့်ရှင်းခြင်းပါရမီ၌ မြဲမြံခိုင်ခံ့စေတော်မူပါ(၁သက် ၃း၉–၁၂)။

ကျွန်ုပ်တို့၌ကောင်းသောအမှုကို အစပြုတော်မူသောဘုရား ယေရှုခရစ်၏နေ့ရက်တိုင်အောင် ပြီးစီးရန် ပြုတော်မူ မည့်အကြောင်း ဆုတောင်းပါ၏ (ဖိလိပ္ပိ ၁း၆–၁၁)။

## ၁၆။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းအတွက်

တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူသော ဘုရားရှင်၊ ကိုယ်တော်သည် ဘုရားတကာတို့အထက် ကြောက်ရွံ့ရှိသေ ခြင်းကို ခံထိုက်ပါ၏ (၅ရာ ၁၆း၂၅–၂၆)။ ကိုယ်တော်ကိုသာ ကြောက်ရွံ့ကာ စိတ်နှလုံးအကြွင်းမဲ့ဖြင့် သစ္စာနှင့်တကွ ဝတ်ပြုပါမည် (၁ရာ ၁၂း၂၄)။

ကျွန်ုပ်တို့အသိုင်းအဝိုင်းနှင့်တိုင်းပြည်ရှိလူအားလုံးတို့သည် ကိုယ်တော့်ကိုကြောက်ရွံ့ကာ လောကီနိုင်ငံအပေါင်းတို့ သည် ရိုသေလေးမြတ်ကြပါစေသော (ဆာလံ ၃၃း၈)။ ကိုယ်တော်၏ ဝိညာဉ်တော်တည်းဟူသော ဥာဏ်ပညာကို ပေးတော်မူသောဝိညာဉ်၊ ထာဝဘုရားကိုသိ၍ ကြောက်ရွံ့သောသဘောကို ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲတွင် အမှုဆောင်ပါစေသော (ဟေ ရှာယ ၁၁း၂)။

ကိုယ့်လျှာကို မကောင်းသောအရာနှင့်ကင်းစေကာ၊ နှုတ်ခမ်းလည်းမုသာစကားကိုမပြော၊ ဒုစရိုက်ကိုလွှဲ၍ သုစရိုက် ကိုပြုကာ သူတစ်ပါးနှင့်အသင့်အတင့်နေခြင်းသို့မှီအောင် လိုက်နိုင်ရန် မစတော်မူပါ (ဆာလံ ၃၄း၁၃–၁၄)။

လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ် ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကိုသိစေရန် ကိုယ့်ကိုကိုယ် ဆာငတ်တောင့်တစေတော်မူပါ။ ကိုယ်တော်ကိုကြောက်ရွံ့သဖြင့်၊ ကိုယ်တော်စီရင်တော်မူသောလမ်းသို့လိုက်ရန်၊ ပညတ်တော်တို့ ကိုစောင့်ရှောက်ရပါမည်ဟု သွန်သင်ထားပါ၏ (တရားဟော ၈း၃-၆)။ ကိုယ်တော်၏လမ်းကို ကျွန်ုပ်တို့အားပြညွှန်တော်မူပါ။ ကိုယ်တော်၏သမ္မာတရားလမ်းသို့ သွားပါမည်။ နာမတော်ကို ကြောက်ရွံ့မည်အကြောင်း ကျွန်ုပ်၏နှလုံးကို စေ့စပ်စေတော်မူပါ (ဆာလံ ၈၆ း၁၁)။

သစ္စာ၊ သမ္မာတရားနှင့် ကိုယ်တော်ကို ကြောက်ရွံ့ပြီး အမှုဆောင်ရန် ဒီကနေ့ကိုယ်တော့်ကို ရွေးချယ်ပါ၏ (ယောရှု ၂၄း၁၄-၁၅)။

## ၁၇။ မိသားစုနှင့်သားသမီးများအပေါ်ကိုယ်တော်၏ရည်ရွယ်ချက်များ

ကောင်းကင်နှင့်မြေကြီးပေါ်မှာရှိသော တစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ အချုပ်အချာဖြစ်တော်မူထသော သခင်ယေရှုခရစ်၏- ခမည်းတော် ရှေ့၌ ဒူးထောက်၍ ဆုတောင်းပါ၏ (ဧဖက် ၃း၁၄-၁၅)။

အိမ်ထောင်မိသားစုသည် ကိုယ်တော်အစပြုခဲ့ခြင်းဖြစ်ရာ ကျွန်ုပ်တို့၏မြို့နှင့် အသိုင်းအဝိုင်းရှိ မိသားစုများ၌ ပြန်လည်သင့်မြတ်ခြင်းဖြင့်၊ ထူထောင်ပေးပါရန် ဆုတောင်းပါ၏။

မိသားစုအတွင်း၌ ကြုံတွေ့ရသောပြဿနာနှင့် နာကျင်မှုဝေဒနာအများဆုံးသည် ကျွန်ုပ်တို့၏အပြစ် နှင့်ဆိုင်သောအပြုအမူများကြောင့်ဖြစ်ကြောင်း သိမှတ်ကြပါ၏။ အိမ်ထောင်(ဇနီးမောင်နှံ)၌၄င်း၊ သားသမီးများပြုစုပျိုးထောင်ရာ၌၄င်း၊ ကိုယ်တော်၏ စံချိန်အတိုင်း အသက်မရှင်ကြကြောင်း ဝန်ခံကြပါ၏။

ယေရှုသည် အသင်းတော်ကို စောင့်ရှောက်သကဲ့သို့ ခင်ပွန်းသည်များ မိမိတို့ဇနီးသည်များကို ချစ်ရန်၊ ဇနီးသည်များအနေဖြင့်လည်း အသင်းတော်သည် ယေရှုထံအပ်နှံဝန်ခံသကဲ့သို့ ခင်ပွန်းသည်ထံ အပ်နှံဝန်ခံရန် ကျွန်ုပ်တို့ လျစ်လျူရှုကြပါပြီ (ဧဖက် ၅း ၂၂-၃၃၊ ၁ပေ ၃း၇)။

ကိုယ်တော့်အသွေးတော်အားဖြင့် အချင်းချင်းသင့်မြတ်နိုင်မည်ဖြစ်ပါ၏ (၂ကော ၅း၁၈)။ ဂရုဏာထားတော်မူပါ။ ကျွန်ုပ်တို့သားသမီးများအနေဖြင့် မိဘစကားကို နားမထောင်ကြပါ။ ကိုယ်တော်မိန့်မှာသည့်အတိုင်း မရှိသေကြကြောင်း ဝန်ခံပါ၏(၂တိ ၃း၂၊ ထွက် ၂၀း၁၂)။ မိဘများအနေဖြင့်လည်း ဘုရားအလိုတော်နှင့်ညီသော အသက်ရှင်ပုံစံကို သားသမီးများအား မပြသနိုင်ကြပါ။ သူတို့ကိုစိတ်ဆိုးစေခြင်း၄ါပြုကြာ အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို မပြုသဖြင့် သူတို့သည်ပုန်ကန်သော သဘောရှိကာ ကိုယ်တော့်အား သစ္စာမရှိကြပါ (ဧဖက် ၆း၄-၆၊ ဆာလံ ၇၈း၄-၈)။ ကိုယ်တော်၏ ဆေးကြောခြင်းဖြင့် အနာငြိမ်းစေခြင်းကို လိုအပ်ကြပါ၏။ ကျွန်ုပ်တို့မိသားစုများကို နှုတ်ကပတ်တော်ဖြင့် ဆေးကြောပေးတော်မူပါ (ဧဖက် ၅း၂၆-၂၇)။

မကောင်းသောအမှုမှ ကယ်တင်တော်မူကာ ခါးသီးခြင်း၊ မုန်းတီးခြင်းနှင့် ခွင့်မလွှတ်ခြင်းတို့ကို ဖယ်ရှားပေးတော်မူပါ။ ကျွန်ုပ်တို့၏ဆက်ဆံရေးများကို ပြန်လည်လုပစေတော် မူပါ။

## ၁၈။ ခရစ်တော်၏အနာငြိမ်းစေခြင်း

အဖဘုရား- ကိုယ်တော်ပြုခဲ့သောအမှုတို့အတွက် ကိုယ်တော့်ကိုချီးမွမ်းပါ၏။ ကျွန်ုပ် တို့အပြစ်များကိုဖြေလွှတ်၍ အနာရောဂါရှိသမျှတို့ကို ကျန်းမာစေသောသူသည် ကိုယ်တော် ဖြစ်ပါ၏ (ဆာလံ ၁၀၃း၂-၃)။

ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဝမ်းနည်းခြင်းနှင့်အပြစ်များကို ယေရှုခရစ်အားခံယူစေကာ ကျွန်ုပ်တို့လွန်ကျူးသောအပြစ်နှင့်၊ ဒုစရိုက်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းခံခဲ့ပါ၏။ ကျွန်ုပ်တို့ငြိမ်သက်ခြင်း ချမ်းသာကို ဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ကျွန်ုပ်တို့သည်အနာ ပျောက်လျက်ရှိကြပါ၏။

ခပ်သိမ်းသော ကျွန်ုပ်တို့အပြစ်များကို သူ့အပေါ်တင်ခဲ့ပါ၏။ သူ့ကိုနှိပ်စက်ခြင်းငှါ အလိုရှိ၍ နာစေတော်မူကာ အပြစ်ဖြေသောယဇ်ဖြစ်စေခဲ့ပါ၏။ ထိုသို့ ဤလောက၏အပြစ်ကို ယူတင်ဆောင်ရွက်ခဲ့သောကြောင့် အပြစ်သားများအတွက် ယခု အယူခံဝင်ဆုတောင်း ပေးနိုင်ပါ၏ (ဟေရှာ ၅၃း၁–၁၂)။

ယေရှုခရစ်တော်ဘုရား– ကိုယ်တော်၏ အနာငြိမ်းစေခြင်းကို ကျွန်ုပ်တို့တိုင်းပြည်၌ လိုအပ်ကြပါ၏။ ကျွန်ုပ်တို့ စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်များကို အနာငြိမ်းစေတော်မူပါ။ ကိုယ်တော်ကို ပြစ်မှားပါပြီ (ဆာလံ ၄၁း၄)။

စိတ်နှလုံးကြေကွဲသော သူတို့ကို အနာငြိမ်းစေတော်မူပါ။ အပြစ်ကျွန်ခံနေရသော သူများကို လွတ်မြောက်စေပါ။ အမျိုးမျိုးသော စွဲလန်းခြင်းဖြင့် ချည်နှောင်ခြင်းခံရသောသူတို့၏ အကျဉ်းတံခါးများကို ဖွင့်လှစ်ပေးတော်မူပါ။ မိမိကိုယ်ကို ချည်နှောင်နေသူများ၊ ပျက်စီးယိုယွင်းသောစိတ်နှလုံးများနှင့် ဝိညာဉ်ရေးရာခြေကုပ်စခန်းများကို တံခါးဖွင့်ကာ လွတ်မြောက် စေတော်မူပါ (ဟေရှာ ၆၁း၁)။

ကိုယ်တော်၏နာမ၌ သမုတ်သောကျွန်ုပ်တို့သည် မိမိကိုယ်ကိုနှိမ့်ချသဖြင့် ဆုတောင်းပဌနာပြု၍၊ ကိုယ်တော့် မျက်နှာတော်ကိုရှာလျက် အဓမ္မလမ်းမှပြန်လှည့်လာလျှင် ကောင်းကင်ဘုံမှ ကိုယ်တော်သည်နားထောင်တော်မူ၍ ကျွန်ုပ်တို့ အပြစ်ကိုလွှတ်ကာ တိုင်းပြည်ကို ချမ်းသာ/အနာငြိမ်းစေမည်ဟု ဂတိပေးထားပါ၏။ မြန်မာပြည်သည် အနာငြိမ်းခြင်းကို လိုအပ်ပါ၏။ ရှေ့တော်၌နှိမ့်ချလျက် တောင်းခံသည်နှင့်အညီ အနာငြိမ်းကာ ချမ်းသာစေပြီး၊ ဂတိတော်ကို ပြည့်စုံစေ တော်မူပါ။ (၆ရာ ၇း၁၄)။

## ၁၉။ ဆင်းရဲဒုက္ခနှင့်ညှင်းပန်းနှိပ်စက်ခြင်းခံရသူများအတွက်

ယေရှုခရစ်တော်ဘုရား ဆင်းရဲဒုက္ခခံစဉ်တွင်ပင် ကိုယ်တော့်ခြေရာတော်အတိုင်း လျှောက်လိုက်ရန် ကျွန်ုပ်တို့ကို ခေါ်ပါ၏။ ကိုယ်တော်သည် ငြိမ်းချောက်ခြင်းကိုမပြု၊ မတရားစွာဆင်းရဲဒုက္ခခံစဉ်တွင်ပင် ဒုစရိုက်ကိုမပြု၊ နှုတ်တော်၌ လည်း မုသာကိုရှာ၍မတွေ့၊ ကဲ့ရဲ့ခံရသောအခါ ပြန်၍မကဲ့ရဲ့၊ တရားသဖြင့်စီရင်တော်မူသောသူ၌ ကိုယ့်ကိုကိုယ် အပ်နှံခဲ့ ပါ၏(၁ပေ ၂း၂၁–၂၄)။ ကျွန်ုပ်တို့အပြစ်မှခွင့်လွှတ်ခြင်း ရရှိနိုင်ရန် ကိုယ်တော်သည် ဆင်းရဲဒုက္ခခံစားခဲ့ရပါ၏ (လုကာ ၂၄း ၄၆–၄၇)။ ကိုယ်တော်၏နာခံခြင်းနှင့် ဆင်းရဲဒုက္ခခံရန် လိုလားခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူ ဖြစ်ရပါ၏။ ဖြောင့်မတ်ခြင်းတရားကြောင့် နှောက်ရှက်ညှင်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိ၏ ဟုဆိုကာ ကျွန်ုပ် တို့အား ကဲ့ရဲ့ညှင်းဆဲသောသူတို့ကို ကောင်းကြီးပေးလျှင်၊ ကောင်းကင်ဘုံ၌ ကြီးမားသောဆုလဒ်ကို ပေးမည်ဟု ဂတိပေး ထားပါ၏(မဿဲ ၅း၁၀–၁၂)။ ကိုယ်တော်၏ သဘောတော်ရှိစေကာ ဘုရားသခင်၏အလိုတော်အတွက် အသက်ရှင်ပါမည့် အကြောင်း မစတော်မူပါ (၁ပေ ၄း၁၊ ၁၉)။ ထိုအလိုတော်တွင် ဆင်းရဲဒုက္ခနှင့် ညှင်းပန်းနှိပ်စက်ခြင်း ပါဝင်ပါက ကျွန်ုပ်တို့ သည် ကနဦးအသင်းတော်ကဲ့သို့ပင် ကိုယ်တော့်နာမတော်ကြောင့် ခံထိုက်ကြသည်ဟု မှတ်သဖြင့် ဝမ်းမြောက်ခြင်းစိတ်ရှိ ပါမည် အကြောင်း မစတော်မူပါ (တမန် ၅း၄၁၊ ဖိလိပ္ပိ ၁း၂၉၊ ၂သက် ၁း၅–၆)။ ဆင်းရဲဒုက္ခ၏ ရည်ရွယ်ချက်ကို နားလည် သဘောပေါက်ပါမည်အကြောင်း မစတော်မူပါ။ ယေရှုခရစ်၏ တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှင်းဆဲခြင်းကို ခံရကြလိမ့်မည်ဟု ရှင်ပေါလုကြွေးကြော်ခဲ့ပါ၏ (ရောမ ၈း၁၇၊ ၂တိ ၃း၁၂)။ "ကျွန်ုပ်တို့ သည်ကိုယ်တော်ကို သိကျွမ်းခြင်းကိုငှါ၎င်း၊ ထမြောက်တော်မူခြင်း၏ တန်ခိုးကိုငှါ၎င်း၊ ဆင်းရဲ ခံတော်မူခြင်းကို ဆက်ဆံ၍ခံခြင်းကိုငှါ၎င်း၊ သေခြင်းမှထမြောက်သောအခွင့်တို့ကိုသာ လိုလားကြပါ၏" ဟု ရှင်ပေါလုကဲ့သို့ ပြောနိုင်ရန် မစ တော်မူပါ (ဖိလိပ္ပိ ၃း၁၀–၁၁)။

ကိုယ်တော့်နာမကြောင့်ဆင်းရဲဒုက္ခခံခြင်း၊ ညှင်းပန်းခြင်းခံရသောသူတို့အားခွန်အားပေးကာ ခိုင်ခံ့စေရန် ဆုတောင်း ပါ၏ (၁ပေ ၅း၁၀)။ ငြိမ်းခြောက်ညှဉ်းပန်းနှိပ်စက်ခြင်း ခံရချိန်၌ပင် ကိုယ်တော့်နှုတ်ကပတ်တော်ကို ရဲရင့်စွာ ဟောပြောနိုင် ပါမည်အကြောင်း မစတော်မူပါ (တမန် ၄း ၂၉)။

ဆင်းရဲဒုက္ခခံရသောအရာများမှ– နာခံခြင်းကိုသင်ယူနိုင်ရန် ကူမတော်မူပါ (ဟေဗြဲ ၅း ၈)။ အသင်းတော်ကို ညှင်းပန်းနေသောသူတို့အတွက် ဆုတောင်းပါ၏။ ထိုသူတို့အပေါ် ဂရုဏာထားတော်မူပါ။

## ၂၀။ ကျွန်ုပ်တို့အစိုးရခေါင်းဆောင်များအတွက်

အဖဘုရား၊ ကိုယ်တော်သည် ကာလအချိန်ဥတုများကို ပြောင်းလဲစေတော်မူ၏။ ရှင်ဘုရင်တို့ကိုလည်း နှိမ့်ချချီးမြှောက်တော်မူ၏ (ဒံယေလ ၂း၂၀)။

ကျွန်ုပ်တို့သည် ငြိမ်ဝပ်ဆိတ်ညံစွာနေရပါမည်အကြောင်း ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူအပေါင်းတို့အဘို့ ကိုယ်တော်ပလ္လင်တော်ရှေ့သို့လာပြီး ဆုတောင်းကျေးဇူးတော် ချီးမွမ်းကာ၊ အယူခံဝင် ကိုယ်စားပြုဆုတောင်းကြပါ၏ (၁တိ ၂း၁–၄)။

အုပ်ချုပ်သောသူ၏စိတ်နှလုံးသည် ရေချောင်းကဲ့သို့ဖြစ်၍ ကိုယ်တော်လက်တော်၌ ရှိသဖြင့် ကိုယ်တော်အလိုတော်ရှိသည့်အတိုင်း ရေချောင်းကဲ့သို့လှည့်စေရန် လမ်းပြတော်မူပါ (သုတ္တံ ၂၁ း၁)။

မတရားသောအကြံဉာဏ်ပေးသည့်ပုဂ္ဂိုလ်များကို အစိုးရခေါင်းဆောင်များ၊ နိုင်ငံတော် အကြီးအကဲ၊ ဝန်ကြီးများနှင့် အခြားအရာရှိများထံမှ ဖယ်ရှားပေးကာ တရားဖြောင့်မတ်ခြင်းနှင့် သမ္မာတရားဖြင့် အုပ်စိုးသောအစိုးရကို ထူထောင်တော်မူပါ။ တံစိုးစားခြင်း (လာဘ်ပေးလာဘ်ယူလုပ်ခြင်း)မှ ကွယ်ကာ ကာ၊ တရားသဖြင့်စီရင်ရန် သူတို့၏ နှလုံးသားများကို စောင့်ရှောက် တော်မူပါ (သုတ္တံ ၂၉း၄)။ ဆင်းရဲသားတို့ကို တရားသဖြင့် အုပ်စိုးစီရင် စေတော်မူပါ (သုတ္တံ ၂၉း၁၄)။

ကောင်းသောလမ်းကိုပြကာ တရားသဖြင့်ပြုခြင်း၊ ဂရုဏာကိုနှစ်သက်ခြင်းတို့ဖြင့် ဘုရားသခင်ရှေ့တော်၌ နှိမ့်ချသော စိတ်နှင့်ကျင့်ကြံနေထိုင်ရန် သူတို့နှလုံးသားများကို တို့ထိတော်မူပါ (မိက္ခာ ၆း၈)။

အုပ်ချုပ်သောသူတို့၏ နှလုံးသားများတွင် ချစ်ခြင်းမေတ္တာဂရုဏာနှင့် သစ္စာတရားတို့ဖြင့် ပြည့်စေတော်မူပါ။ ထိုသို့ဖြင့် ကျွန်ုပ်တို့အားလုံခြုံခြင်းနှင့် ငြိမ်သက်ခြင်းကို ခံစားစေတော်မူပါ (သုတ္တံ ၂၀း၂၈)။

အစိုးရအဆောက်အဦးများ၊ ဥပဒေပြဌါန်းခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ပြုလုပ်သောနေရာဌါနများနှင့်၊ ဖြောင့်မတ်ခြင်းနှင့်သမ္မာတရားကို ထူထောင်ကျင့်သုံးရန်၊ လိုအပ်သည့်နေရာများတွင် အပြစ်ကိုဖော်ပြရန်၊ သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်တော်မူပါ (ယောဟန် ၁၆း ၈–၁၁)။

စုန်းကဝေအတတ်၊ ပြုစားခြင်း သို့မဟုတ် မှော်အတတ်တို့တွင်ပါဝင်ပတ်သက် မှုမရှိရန်၊ မှောင်မိုက်တန်ခိုး၏ ထိန်းချုပ်မှုတို့မှ နိုင်ငံတော်အစိုးရကို ကွယ်ကာပါမည့်အကြောင်း ဆုတောင်းပါ။ အစိုးရကိုလှည့်ဖျားကာ ကျော့ကွင်းဆင်၍ တိုက်ခိုက်ရန် လုပ်ဆောင်နေသော စာတန်မာရ်နတ်ကို အသင်းတော်တစ်ရပ်လုံးအနေဖြင့် ယေရှုနာမ၌ ဆီးတားငြင်းပယ်ပါ၏ (ယာကုပ် ၄း၇)။

## ၂၁။ ကိုယ်တော့်နှုတ်ကပတ်တော်နှင့်ပြည့်ဝစေတော်မူပါ။

ကိုယ်တော်သည် မိုးကောင်းကင်ကို နှုတ်ကပတ်တော်ဖြင့်ဖန်ဆင်းကာ (ဆာလံ ၃၃း၆) တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို ထူမ(မစ) ပါ၏ (ဟေ ဗြဲ ၁း၁)။ နှုတ်ကပတ်တော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်ဝိညာဉ်ကိုင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုင်း ပိုင်းခြား၍ထုတ်ချင်းခွင်းပါ၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်ပါ၏ (ဟေဗြဲ ၄း၁၂)။ ကိုယ်တော့် နှုတ်ကပတ်တော်သည် မီးကဲ့သို့ငင်း၊ ကျောက်ကိုထုချေသော သံတူကဲ့သို့ငင်းဖြစ်ပါ၏ (ယေရမိ ၂၃း၂၉)။ ဝိညာဉ်တော်ထားလည်းဖြစ်ပါ၏ (ဧဖက် ၆း၁၇)။ ကိုယ်တော် နှုတ်ကပတ်တော်စကားသည် အကျိုးမရှိဘဲ ကိုယ်တော့်ထံသို့မပြန်ရ။ ကိုယ်တော် အလိုတော်ကိုပြည့်စုံစေကာ ကိုယ်တော်စေခိုင်းသောအမှု၌ အောင်မည်ဖြစ်ပါ၏ (ဟေရှာ ၅၅း၁၁)။

ကိုယ်တော်သည်– နှုတ်ကပတ်တော်အားဖြင့် မိမိကိုယ်ကိုထင်ရှားကာ ဗျာဒိတ်ပေးဖေါ်ပြတော်မူသော အရှင်ဖြစ်သည်နှင့်အညီ (၁ရာ ၃း၂၁)။ ကျမ်းစာကိုနားလည်စေခြင်းငှါ ကျွန်ုပ်တို့၏ဉာဏ်နှင့် အတွေးအခေါ်များကို ဖွင့်ပေးတော်မူပါ (လုကာ ၂၄း၄၅)။ ကိုယ်တော်မြတ်ကို သိခြင်းအလိုငှါ ပညာကိုင်း၊ ထိုးထွင်းသောဉာဏ်ကိုင်း ပေးသနား တော်မူပါ (ဧဖက် ၁း၁၇)။ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ခြေရှေ့၌မီးခွက်ဖြစ်စေကာ၊ ကျွန်ုပ်တို့လမ်းခရီးကိုလင်းစေတော်မူပါ (ဆာလံ ၁၁၉း၁၀၅)။ မိန့်တော်မူချက်အတိုင်း ကျွန်ုပ်တို့ခြေလှမ်းများကို ဖြောင့်စေတော်မူပါ(ဆာလံ ၁၁၉း၁၃၃)။ ကိုယ်တော်၏ မိန့်တော်မူချက်အားဖြင့် အသက်မွေးစေတော်မူပါ (တရား ၈း၃၊ မဿဲ ၄း၄)။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကို

ဆေးကြော စင်ကြယ်သန့်ရှင်း စေတော်မူပါ (ယော ၁၅း၃၊ ဧဖက် ၅း၂၆)။ နှုတ်ကပတ်တော်ကိုလွှတ်၍ ကျွန်ုပ်တို့၏အနာကိုငြိမ်းစေကာ၊ ဖျက်ဆီးခြင်းအရာများထဲမှ နှုတ်ယူတော်မူပါ (ဆာလံ ၁၀၇း၂၀)။

ကျွန်ုပ်တို့ထဲတွင် ကိုယ်တော်၏နှုတ်ကပတ်တော် ကြွယ်ဝစွာတည်စေခြင်းအားဖြင့် ကျွန်ုပ်သည်အခြားသူများ ကိုသွန်သင်ခြင်း၊ ခွန်အားပေးခြင်းများပြုနိုင်ရန်(ကောလော ၃း၁၆)နှင့် မာရ်နတ်ကိုအောင်နိုင်ရန် မစတော်မူပါ(၁ယော ၂း၁၄)။ ကိုယ်တော်၏စကားတော်ကို ကြားနာခြင်းအားဖြင့် ကျွန်ုပ်နှလုံးတွင် ယုံကြည်ခြင်းပေးသနားတော်မူပါ (ရောမ ၁၀း၁၇)။

ကျွန်ုပ်တို့၏မြို့များနှင့်မြန်မာပြည်တွင် နှုတ်ကပတ်တော်ကို တန်ခိုးနှင့်တို့ပွါးပြီး အောင်မြင်စေတော်မူပါ (တမန် ၁၉း၂၀)။ အဖဘုရား လူသားအားလုံးသည် မြက်ပင်ကဲ့သို့ဖြစ်ပါ၏။ လူ၏ဘုန်းရှိသမျှသည်လည်း မြက်ပွင့်ကဲ့သို့ဖြစ်ပါ၏။ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်ကာ အပွင့်သည်လည်းကြွေတတ်ပါ၏။ သို့သော်လည်း နှုတ်ကပတ်တရားတော်သည် ကာလအစဉ်အမြဲ တည်ပါ၏ (၁ပေ ၁း၂၄–၂၅)။

## ၂၂။ မာရ်နတ်ကိုဆီးတားရန် ဆုတောင်းပါ၏

အဖဘုရား၊ ယေရှုခရစ်အားဖြင့် ကိုယ်တော်ပြီးပြည့်စုံစေခဲ့သော ထာဝရအကြံ အစည်တော်သည် ကောင်းကင်အရပ်တို့၌ အထွဋ်အမြတ်အာဏာစက်တို့အား ကိုယ်တော်၏ ထူးဆန်းသောပညာတော်ကို အသင်းတော်အားဖြင့် သိစေရန်ဖြစ်ပါ၏(ဧဖက် ၃း၁၀)။ အဖဘုရား ကျွန်ုပ်တို့အသိုင်းအဝိုင်းနှင့်၊ မြို့များတွင်ရှိသော နှလုံးသားကြေမွသောသူတို့၏အနာကိုပျောက်စေတော်မူပါ။ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့၏ အနာကိုပျောက်စေရန်၎င်း၊ ဝိညာဉ်မျက်စိကန်းသောသူတို့ကိုမြင်စေကာ၊ ဖိနှိပ်ညှင်းဆဲခံရသောသူတို့ကို လွတ်မြောက်စေရန် ဆုတောင်းပါ၏ (လုကာ ၄း၁၈)။

ကိုယ်တော်သည် သားတော်ကိုကောင်းကင်၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှကို အပ်နှင်းခဲ့သဖြင့် ခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုသည်သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံကြမည်ဖြစ်ပါ၏ (မဿဲ ၂၈း၁၈–၂၀၊ ဖိလိပ္ပိ ၂း၁၀–၁၁)။ ကျွန်ုပ်တို့၏အသိုင်းအဝိုင်း၊ မြို့၊ တိုင်းပြည်တွင် ထိုသို့ဝန်ခံစေတော်မူပါ။

ကျွန်ုပ်တို့မြို့နှင့် တိုင်းပြည်တွင် မာရ်နတ်၏အမှုများကို ဖျက်ဆီးတော်မူပါ။ အဘယ့်ကြောင့်ဆိုသော် ယေရှုခရစ်သည် ဤရည်ရွယ်ချက်အတွက် အသေခံခဲ့ခြင်းဖြစ်ပါ၏ (၁ယော ၃း၈)။ ကျွန်ုပ်တို့ရပ်ကွက်၊ မြို့နှင့် မြန်မာပြည်ကို မှောင်မိုက်တန်ခိုးမှ ကယ်နှုတ်တော်မူပါ (ကော လောသဲ ၁း၁၃–၁၄)။ ကိုယ်တော်၏ နှုတ်ကပတ်တော်နှင့်အညီ ကျွန်ုပ်တို့မြို့နှင့် မြန်မာပြည်ရှိမယုံကြည်သူများ၏ မျက်စိတို့ကိုဖွင့်ကာ သူတို့သည်မှောင်မိုက်မှအလင်းသို့ကူးမြောက်၍ စာတန်၏အာဏာထဲမှ ကိုယ်တော့်အထံတော်သို့ ပြောင်းလဲခြင်းအားဖြင့် အပြစ်လွတ်ခြင်းကျေးဇူးကိုခံရကာ၊ ကိုယ်တော့်ကို ယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ ရောက်သောသူတို့နှင့်အတူ အမွေခံရပါမည်အကြောင်း ဆုတောင်းပါ၏ (လုကာ ၉း၁–၂၊ မဿဲ ၂၈း၁၈–၁၉၊ တမန် ၂၆း၁၇–၁၈)။ ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်၊ စာတန်ကိုကျွန်ုပ် တို့ခြေအောက်၌ နှိပ်စက်ခြေမှုန်းရန် ဆုတောင်းပါ၏ (ရောမ ၁၆း၂၀)။

အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း၊ လောကီမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့်၎င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၎င်း၊ ဆိုင်ပြိုင်တိုက်လှန်ရန် ကျွန်ုပ်တို့အတွက်ပြင်ဆင်ပေးထားသော လက်နက်စုံအတွက်ကျေးဇူးတင်ပါ၏။ ကျွန်ုပ်တို့ဘက်၌ရှိသော ကိုယ်တော်သည် လောက၌ရှိသောသူထက်သာ၍ ကြီးကြောင်းကြေငြာပါ၏ (၁ယော ၄း၄)။

## ၂၃။ ဘုရားသခင်၏ဖခင်ဖြစ်ခြင်းထင်ရှားစေရန်

အဖဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖန်ဆင်းသောအရှင်ဖြစ်ပါ၏ (တရား ၃၂ း၆)။ ကိုယ်တော်သည် ကျွန်ုပ်တို့၏အဘဖြစ်ကြောင်း ကြေငြာပါ၏ (ဆာလံ ၈၉း၂၆၊ ဟေရှာ ၆၃း၁၆)။ ကျွန်ုပ်တို့သည် ရွှံ့မြေဖြစ်ပြီး၊ ကိုယ်တော်သည် အိုးထိန်းဖြစ်ပါ၏။ ကျွန်ုပ်တို့ရှိသမျှတို့သည် လက်တော်နှင့်ဖန်ဆင်းသောအရာဖြစ်ပါ၏(ဟေရှာ ၆၄း၈)။ သို့ဖြစ်၍ ကမ္ဘာတစ်ဝှမ်းရှိ သန်းပေါင်းများစွာသောသူတို့နှင့်အတူ “ခမည်းတော်ဘုရား၊တန်ခိုးတော်အနန္တနှင့်ပြည့်စုံသောအရှင်၊ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသောအရှင်ကို ယုံကြည်ကြောင်း” ဝန်ခံကြပါ၏။

ကျွန်ုပ်တို့ပြည်တွင် ကိုယ်တော်သည် ကျွန်ုပ်တို့အဘဖြစ်ပြီး ကျွန်ုပ်တို့သည် ကိုယ်တော်၏ သားသမီးဖြစ်ကြမည်ဟူသော ပဋိညာဉ်နှင့်ဆိုင်သောဂတိတော်အတွက် ကျေးဇူးတင်ပါ၏ (၂ကော ၆း၁၈)။

ကောင်းမြတ်စုံလင်သော ဆုကျေးဇူးရှိသမျှသည် ရွှေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့် ကင်းလွတ်တော်မူသော အဘထံတော်မှလာကြောင်း ကျွန်ုပ်တို့မြန်မာပြည်တွင် ထင်ရှားစေတော်မူပါ (ယာကုပ် ၁း၁၇)။ ကိုယ်တော့်ကိုအဖြစ်တော်အတိုင်းသိရှိကာ(၁ယော ၂း၁၃–၁၄)။ အာဗြဟံနှင့်မောရှေတို့ကဲ့သို့ ကိုယ်တော်နှင့်မျက်နှာချင်းဆိုင် စကားပြောဆို ဆက်ဆံရသောအခွင့်ကို ပေးတော်မူပါ။

သားသည်အဘကိုရိုသေကာ ကျွန်သည်သခင်ကို ကြောက်ရွံ့တတ်သကဲ့သို့ ကိုယ်တော်ကို ရိုသေဂုဏ်ပြု လိုကြပါ၏(မာလခိ ၁း၆)။ သားတော်ယေရှုသည် ကိုယ်တော်ကို မြေကြီးပေါ်မှာဘုန်းထင်ရှားစေသကဲ့သို့ ဤကမ္ဘာလောကတွင် ကိုယ်တော့်ဘုန်းတော်ကို ကျွန်ုပ်တို့ထင်ရှားစေ လိုကြပါ၏ (ယော ၁၇း၄)။

မိဘမရှိသောသူတို့အဘဖြစ်ကြောင်း၊ မုဆိုးမတို့ဘက်မှ တရားစီရင်တော်မူပါ (ဆာလံ ၆၈း၅)။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုကြောက်ရွံ့တတ်သောသဘော၊ ကျွန်၏သဘောကိုမပေးဘဲ သားဖြစ်ရသောဝိညာဉ်၊ အမွေခံရသောဝိညာဉ်တော်ကိုပေးထားပါ၏။ ထို့ကြောင့်ကိုယ်တော်အားအဗ္ဗအဘဟုခေါ်ရသောအခွင့်ကိုရပါ၏(ဂလာတိ ၄း ၅–၇၊ ရောမ ၈း၁၅–၁၇)။

ကျွန်ုပ်တို့သည် စစ်မှန်သော ကိုးကွယ်သူများ ဖြစ်လိုကြပါ၏။ ကိုယ်တော်ကို နာမ်ဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရန်သွန်သင်တော်မူပါ (ယောဟန် ၄း၂၃)။

## ၂၄။ ပျောက်ဆုံးဝိညာဉ်များကယ်တင်ခြင်းအတွက်

အဖဘုရား၊ နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည်ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော (မဿဲ ၆း၁၀)။ မြန်မာပြည်ရှိ တိုင်းရင်းသား လူမျိုးနွယ်စု(၁၃၅)မျိုး နှင့် ကျွန်ုပ်တို့မြို့/ပြည်နယ်ရှိ လူများ ကယ်တင်ခြင်းသို့ရောက်ခြင်းဖြင့် တစ်နေ့သောအခါ သိုးသူငယ်၏ပလ္လင်တော်ရှေ့တွင်၊ ရပ်ကြရပါမည်အကြောင်း ဆုတောင်းပါ၏ (ဗျာဒိတ် ၇း၉)။

ကယ်တင်ခြင်းမရသေးသော မိတ်ဆွေ၊ အိမ်နီးနားချင်းများ ကိုယ်တော်နှင့်ပြန်လည်သင့်မြတ်ကြရန် ဆုတောင်းပါ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် မတရားသောသူတို့၏ သေခြင်းအမှု၌ ကျေနပ်ပျော်မွေ့တော်မမူပါ။ အဓမ္မလမ်းမှပြန်လှည့်လာသည့်အခါ ကိုယ်တော် အားရကျေနပ်ပါ၏ (ယေဇ ၁၈း၂၃)။

သခင်ယေရှု၊ ကိုယ်တော်သည် ဤလောက၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်ဖြစ်ပါ၏ (ယော ၁း၂၉)။ မယုံကြည်သောသူတို့၏ နှလုံးသားများကို အထံတော်သို့ လှည့်စေတော်မူပါ (မြည် ၅း၂၀)။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးတော် အားဖြင့် ဤ တိုင်းပြည်တွင်ရှိသောလူများကို အပြစ်၊ ဖြောင့်မတ်ခြင်းနှင့် တရားစီရင်ခြင်းတို့ကိုဖော်ပြရန် ဆုတောင်းပါ၏ (ယော ၁၆း၈)။

ယေရှုခရစ်တော်ဘုရားသည် ထိုသူတို့အတွက် လက်ဝါးကားတိုင်၌ အသေခံတော်မူခြင်းအားဖြင့် သေခြင်းတရားကိုအစိုးရသော မာရ်နတ်တန်ခိုးကိုချိုးဖဲ့ကာ၊ သေဘေးကိုကြောက်၍ ကျွန်ခံနေရသောသူတို့ကိုကယ်လွှတ်ပြီး၊ ကောင်းကင်အရပ်၌နေရာပေးတော်မူကြောင်း– အာကာသကောင်းကင်ကိုအစိုးရသောမင်းနှင့်တကွ အထွဋ်အမြတ်အာဏာစက် မှောင်မိုက်တန်ခိုးတို့အား ယေရှုနာမ၌ကြွေကြာပါ၏ (ဟေဗြဲ ၂း၁၅၊ ဧဖက် ၂း၆)။

"ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း" ဟု ကိုယ်တော်ခေါ်သောအခါ ထူးပြီးသွားရန် လိုလားစေတော်မူပါ။ ဟေရှာယကဲ့သို့ "အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟုပြောစေတော်မူပါ (ဟေရှာ ၆း၈)။ စပါးရိတ်စရာများစွာရှိပြီး ရိတ်သိမ်းသောသူတို့ နည်းကြသည်ကို ကျွန်ုပ်တို့တွေ့ရပါ၏။

ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေရန်စေလွှတ်တော်မူပါ (မဿဲ ၉း၃၇–၃၈)။ လယ်ပြင်၌စပါးရိတ်ခြင်းအလို့ငှါ ဝင်းဝင်းရှိနေသည်ကို ခရစ်ယာန်များ မျှော်ကြည့်စေတော်မူပါ (ယော ၄း၃၅)။ ဤလောကရှိ ဝေနေယျသတ္တဝါတို့ထံ ဧဝံဂေလိဟောကြားရန် ကျွန်ုပ်တို့ကိုခေါ်ထားကြောင်း အသင်းတော်ကို အသစ်သောနည်းလမ်းဖြင့် သိမြင်စေတော်မူပါ (မာကု ၁၆ း၁၅)။ အဖဘုရား ကိုယ်တော်၏အလိုတော်နှင့်အညီ သန့်ရှင်းသောဝိညာဉ်တော်က ဝေမျှပေးသနားတော်မူသော ဆုကျေးဇူးများနှင့် နိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုများအားဖြင့်၊ အမျိုးမျိုးသော ထူးဆန်းသောတန်ခိုးများနှင့် အမှုဆောင်ပါမည်အကြောင်း တောင်းခံပါ၏ (ဟေဗြဲ ၂း၄)။

## ၂၅။ နိုင်ငံတော်တည်ထောင်ပါစေသော

အဖ– ကိုယ်တော်၏ နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်း ပြည့်စုံပါစေသော (မဿဲ ၆း၉–၁၀)။ နိုင်ငံတော်၏ ဘုန်းကိုငင်း၊ တန်ခိုးတော်ကိုငင်း၊ ကျွန်ုပ်တို့သည် ဟောပြောသဖြင့်၊ တန်ခိုးပါသောအမှုများနှင့် နိုင်ငံတော်၏ဘုန်းအသရေများကို လူသားတို့အားဖော်ပြကြပါ၏။ ကိုယ်တော်၏နိုင်ငံသည် နိစ္စထာဝရနိုင်ငံဖြစ်၍၊ အာဏာတော်သည် ကာလအစဉ်အဆက် တည်ရပါ၏ (ဆာလံ ၁၄၅း၁၁–၁၃)။

ကျွန်ုပ်တို့၏လိုအပ်ချက်များနှင့် ကျွန်ုပ်တို့၏နိုင်ငံ၊ ကိုယ်ပိုင်အင်ပါယာ (Building our own Kingdoms) တည်ဆောက်ရန်သာ မျက်မှောက်ပြုနေသော အပြစ်ကို ခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်တို့၏ ဉာဏ်မျက်စိကို လင်းစေကာ ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုငင်း၊ သန့်ရှင်းသူတို့ခံရသော အမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုငင်း၊ ယုံကြည်သောကျွန်ုပ်တို့၌ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကိုငင်း၊ သိစေတော်မူပါ(ဧဖက် ၁း၁၈–၁၉)။ ကျွန်ုပ်တို့သည် ယေရှု၏ဘွဲ့နာမတော်ကို သိမှတ်ကာ ဒူးထောက်၍ ယေရှုခရစ်သည်သခင်ဖြစ်သည်ဟု ဝန်ခံကြပါ၏ (ဖိလိပ္ပိ ၂း၁၀–၁၁)။

ဘုရားသခင်နိုင်ငံတော်နှင့်ဆိုင်သော ဧဝံဂေလိသတင်းကိုလူများစွာတို့သည်ကြားရန်နှင့် ထိုမျိုးစေ့သည် နှလုံးသားပြင်ဆင်ထားသောသူတို့၌ကျကာ– ဤမျိုးဆက်တွင် ကြီးမာ သော ဝိညာဉ်ရိတ်သိမ်းမှုရှိပါမည်အကြောင်း ဆုတောင်းပါ၏ (မဿဲ ၁၃း၃–၂၃)။ ယခုတွင် ကျွန်ုပ်တို့သည် လူမျိုးတကာတို့အားကြွေးကြော်ပါ၏။ "အချင်းတံခါးတို့ တံခါးမုတ် ကိုကြွလိုက်ကြ၊ အချင်းထာဝရတံခါးတို့ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီးသောရှင်ဘုရင် ဝင်တော်မူမည်" (ဆာလံ ၂၄ း၇)။

အမြင့်ဆုံးသောဘုရား ကိုယ်တော်ကို ကောင်းကြီးပေးပါ၏။ ထာဝရအသက်ရှင်တော်မူသောဘုရား ကိုယ်တော်ကို ချီးမွမ်းထောမနာပြုပါ၏ (ဒံယေလ ၄း၃၄)။ ကိုယ်တော်၏ အာဏာစက်တော်သည် ကမ္ဘာအဆက်ဆက် တည်ပါ၏။ နိုင်ငံတော်သည် ပျက်စီးခြင်းသို့မရောက်နိုင်ရာ။ အိုအမြင့်ဆုံးသောဘုရား၊ ကိုယ်တော်၏သန့်ရှင်းသူတို့သည် ကိုယ်တော်၏နိုင်ငံတော်ကို သိမ်းယူ၍ ကမ္ဘာအဆက်ဆက် စံစားကြပါလိမ့်မည် (ဒံယေလ ၇း၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၈)။

ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူနှင့်သိုးသူငယ်တော်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာ၊ ချီးမွမ်းခြင်း၊ ဂုဏ်ပြုခြင်း၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိရှိတော်မူ စေသတည်း (ဗျာဒိတ် ၅း၁၃)။

## ၂၆။ မကောင်းသောအမှုအရာမှကယ်နှုတ်တော်မူပါ

သခင်ယေရှုခရစ်၊ ကိုယ်တော်သည်ကျွန်ုပ်တို့အား "အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ" ဟုဆုတောင်းရန် သွန်သင်ခဲ့ပါ၏ (မဿဲ ၆း၁၃)။ ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အထွဋ်အမြတ်၊ အာဏာစက်နှင့် မှောင်မိုက်တန်ခိုးတို့ကိုအောင်မြင်ခဲ့ပါ၏ (ကော ၂း၁၃–၁၅)။ ကိုယ်တော်၏အသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့သည် မနိုင်ရဟုကိုယ်တော် ကြွေးကြော်ခဲ့ပါ၏ (မဿဲ ၁၆း ၁၉)။ နတ်ဆိုး၏ဖိစီးခြင်းမှ လွတ်ခြင်းပေးသနားတော်မူပါ။ ဘုရားသခင်ကိုသိသောပညာကို ဆီးတားသော မာန်မာန၊ အကြံအစည်နှင့်၊ နတ်ဆိုးတို့၏ ခြေကုပ်စခန်းတို့ကို နှိမ့်ချမှောက်လှန်ပေးရန် ဆုတောင်းပါ၏။ မြန်မာပြည်တွင်ရှိသော လူမျိုးနွယ်စုတို့အား မှောင်မိုက်ထဲတွင်ထိန်းချုပ်ထားသော စာတန်၏အကြံအစည်နှင့် ပရိယယ်တို့ကို ကျွန်ုပ်တို့ ဆီးတားငြင်းပယ်ပါ၏ (၂ကော ၁၀း၅၊ ယာ ကုပ် ၄း၇)။ မှောင်မိုက်ထဲတွင်ရှိစေရန် လူတို့၏မျက်စိကိုကွယ်စေသော အဆီးအတားများကို ဖယ်ရှားပေးရန်ဆုတောင်းပါ၏(တမန် ၂၆း၁၇–၁၈)။ ကျွန်ုပ်တို့ကိုကိုယ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် မည်သည့်အရာ၊ မည်သည့်အထွဋ်အမြတ် အာဏာစက်များကပင်လျှင် မကွဲကွာစေနိုင်ကြောင်း၊ နှုတ်ကပတ်တော်က မိန့်ဆိုထားပါ၏ (ရောမ ၈း၃၈ –၃၉)။

ကျေးရွာတိုင်း၊ မြို့တိုင်းတွင် ဧဝံဂေလိသတင်းရောက်ရှိပါမည်အကြောင်း အဘယ်သူမျှ မပိတ်နိုင်သောတံခါးများကို ဖွင့်ပေးရန်ဆုတောင်းပါ၏ (ဗျာဒိတ် ၃း၈)။ ရန်းရင်းဆန်ခတ်ဖြစ်ခြင်းနှင့် သေခြင်းကိုဖြစ်ပေါ်စေသော မကောင်းမှုကို ဟန့်တားပေးတော်မူပါ။ ကျွန်ပြုခြင်းနှင့် နိုင်လိုမင်းထက်ပြုမူခြင်းတို့ကို ချိုးဖဲ့တော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကြောက်ရွံ့ခြင်းမရှိဘဲသစ္စာရှိစွာဟောပြောရန် ဝိညာဉ်တော်ဖြင့်ပြည့်ဝစေတော်မူပါ (တမန် ၁း၈)။ ပျောက်ဆုံးဝိညာဉ်များအတွက် ငိုကြွေးမြည်တမ်းသည့် ဆုတောင်းပဌနာ ပြုသောစိတ်ဝိညာဉ် ပေးတော်မူပါ (ဇာခရိ ၁၂း၁၀)။

နိုင်ငံတော်၊ ဘုန်းအာနုဘော်နှင့်၊ တန်ခိုးတို့ကို ကိုယ်တော်သာ ကမ္ဘာအဆက်ဆက် ပိုင်သပါ၏။ လူမျိုးနွယ်စု အားလုံးတို့အား "အချင်းတံခါးတို့၊ တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီးသောရှင်ဘုရင်ဝင်တော်မူမည်" ဟုကျွန်ုပ်တို့ ကြွေကြော်ကြပါ၏ (ဆာလံ ၂၄း၇)။

## ၂၇။ ဆင်းရဲသားများနှင့်ငတ်မွတ်သောသူတို့အတွက်

အဖ၊ ကျွန်ုပ်တို့မြို့နှင့် မြန်မာပြည်ရှိ ဆင်းရဲသားများအားလုံးအတွက် ဆုတောင်းပါ၏။ "ဆင်းရဲသားများ သင့်နေရာပြည်တွင် မပြတ်ရ။ ဆင်းရဲငတ်မွတ်သော ညီအစ်ကိုချင်းတို့အား လက်ကိုကျယ်ကျယ်ဖွင့်ရမည့်အကြောင်း ငါမှာထား၏" ဟု နှုတ်ကပတ်တော်က မိန့်ဆိုထားပါ၏ (တရားဟော ၁၅း၁၁)။

မြန်မာပြည်ရှိ ဆင်းရဲသောသူတို့ကို မြေမှုန့်ထဲကငင်း၊ ငတ်မွတ်သောသူတို့ကို နောက်ချေးပုံထဲကငင်း ချီးမြှောက်တော်မူပါ (၁ရာ ၂း၈)။ ဆင်းရဲသားတို့၏ အကြံအစည်ကို မတရားသောသူတို့ နှောင့်ယှက်သောအခါ၊ ကိုယ်တော်သည် သူတို့၏ခိုလှုံရာဖြစ်တော်မူပါ (ဆာလံ ၁၄ း၆)။ သူတို့၏ အော်ဟစ်ခြင်းအသံကိုနားထောင်၍၊ ခပ်သိမ်းသောဆင်းရဲခြင်းနှင့်၊ အခက်ခဲများ ထဲမှကယ်လွှတ်တော်မူပါ (ဆာလံ ၃၄း၆)။ အစိုးတရပြုသောသူ (ခက်ခဲကြမ်းတမ်းသောသူ) ၏လက်မှ ဆင်းရဲသားကိုနှုတ်တော်မူ၍၊ လုယူဖျက်ဆီးတတ်သော သူ၏လက်၌ ဆင်းရဲငတ်မွတ်လျက်ခံနေရသောသူကို ချမ်းသာပေးတော်မူတတ်သော ကိုယ်တော်နှင့် အဘယ်သူတူပါသနည်း (ဆာလံ ၃၅း ၁၀)။ ဆင်းရဲသောသူနှင့် မိဘမရှိသောသူတို့ကို စောင့်မတော်မူပါ။ ဆင်းရဲသောသူနှင့် ဖိနှိပ်ခြင်းခံရသောသူတို့၏ အခွင့်အရေးကို ထိန်းသိမ်းပေးတော်မူပါ (ဆာလံ ၈၃း၃)။ မတရားမှုကြောင့် သူတို့၏ အကျိုးစီးပွားကို မပျက်စီးပါစေနှင့် (သုတ္တံ ၁၃း၂၃)။

မြန်မာပြည်ရှိအသင်းတော်သည် ဆင်းရဲသားများကိုစေတနာရက်ရောစွာထောက်မပေးပါမည့်အကြောင်း ဆုတောင်းပါ၏။ ခရစ်ယာန်များနှင့်တကွ၊ မယုံကြည်သူများသည် "ဆင်းရဲသားတို့ကိုသနားသောသူသည် ထာဝရဘုရားအား ချေးငှါးသောသူဖြစ်၍ သူပြုသောအမှုကို ကိုယ်တော်ဆပ်ပေးတော်မူမည်အကြောင်း" နားလည်သဘောပေါက်စေတော်မူပါ (သုတ္တံ ၁၉း၁၇)။

သာ၍များသောခရစ်ယာန်တို့သည် ဆင်းရဲသားတို့၏အမှု–"တရားမျှတခြင်း" ကို ဆင်ခြင်တတ်မည်အကြောင်း ဆုတောင်းပါ၏ (သုတ္တံ ၂၉း၇)။ သူတို့အတွက် ရပ်တည် ပြောဆိုရန်၊ တရားသဖြင့်စီရင်လျက်၊ သူတို့၏အမှုကိုစောင့်ရန် ဆုတောင်းပါ၏ (သုတ္တံ ၃၁ း၉)။ ဆာလောင်မွတ်သိပ်သောသူတို့ကို ဝေမျှရန်နှင့် အိုးအိမ်မဲ့သောသူတို့ကို ခိုလှုံစရာပေးကမ်းရန်၊ အဝတ်အချည်းစီးရှိသောသူတို့ကို အဝတ်ဆင်ပေးရန် အသစ်သောလိုအင်ဆန္ဒကို ကျွန်ုပ်တို့အား ပေးသနားတော်မူပါ။ ဆင်းရဲသားတို့ထံ– သတင်းများကို ဟောပြောကြရန်နှင့် (မဿဲ ၁၁း၅)၊ ဆင်းရဲငတ်မွတ်သူတို့သည် ကိုယ်တော့်နာမတော်ကို ချီးမွမ်းပါမည့်အကြောင်း ဆုတောင်းပါ၏ (ဆာလံ ၇၄း၂၁)။

## ၂၈။ အသင်းတော်အတွက်

သည်းခံခြင်းနှင့်ခွန်အားကို ပေးတော်မူသောအဖဘုရား ကျွန်ုပ်တို့သည် ခရစ်တော်၏ နောက်ကိုလိုက်ကြ သည့် အလျောက် အချင်းချင်းစိတ်တညီတညွတ်တည်းရှိခြင်းဖြင့် သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်အား တစ်စိတ်တစ်ဝိညာဉ်တည်းဖြင့် နှုတ်မှချီးမွမ်းကာ ကိုယ်တော်၏ဘုန်းတော်ကို ထင်ရှားစေပါမည်အကြောင်း မစတော်မူပါ။ ခရစ်တော်သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလျက်၊ ကျွန်ုပ်တို့ကို လက်ခံတော်မူသည်နည်းတူ ကျွန်ုပ်တို့သည် တစ်ယောက်နှင့်တစ်ယောက် လက်ခံကြပါမည်အကြောင်း ဆုတောင်းပါ၏။ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မျှော်လင့်ခြင်းပါရမီနှင့် ကြွယ်ဝစေခြင်းငှါ၊ ယုံကြည်သောစိတ်ရှိ၍၊ ဝမ်းမြောက်သက်သာငြိမ်သက်ခြင်းနှင့် ပြည့်စုံပါမည်အကြောင်း မျှော်လင့်ခြင်း၏အရှင်ဘုရားသခင်– ကျွန်ုပ်တို့ကိုကယ်မသနားတော်မူပါ (ရောမ ၁၅း၁၃)။ ယေရှုခရစ်သည် ကျွန်ုပ်တို့အတွက်ဆုတောင်းသည့်အတိုင်း– လောကီသားတို့သည် ကိုယ်တော်ကိုယုံကြည်ကြစေရန်– ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်ပါမည်အကြောင်း၊ ယေရှုသည် ခမည်းတော်ဘုရားနှင့် တစ်လုံးတစ်ဝတည်း ဖြစ်သကဲ့သို့ ကျွန်ုပ်တို့၌ရှိ၍ ကိုယ်တော်သည်လည်း ယေရှုခရစ်၌ရှိတော်မူသောအားဖြင့် ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှါငင်း၊ လောကီသားတို့ကို ကိုယ်တော်ချစ်တော်မူကြောင်းကို သိစေခြင်းငှါငင်း၊ ကိုယ်တော်၏ဘုန်းတော်ကို ပေးသနား

တော်မူပါ။ သားတော်ကိုချစ်တော်မူသော ကိုယ်တော့်မေတ္တာကို ကျွန်ုပ်တို့၌ရှိစေခြင်းငှါ၎င်း၊ ယေရှုခရစ်သည် ကျွန်ုပ်တို့၌ ရှိစေခြင်းငှါ မစတော်မူပါ (ယော ၁၇း၂၁–၂၆)။

သနားခြင်းဂရုဏာ၏အဘ၊ နှစ်သိမ့်ခြင်း၊ သက်သာခြင်းအမျိုးမျိုး၏အရှင်၊ ဆင်းရဲဒုက္ခအမျိုးမျိုးတွင် ကျွန်ုပ်တို့ကိုနှစ်သိမ့်ကာ၊ သက်သာစေတော်မူပါ။ ဤသို့ဖြင့် ကိုယ်တော်ထံမှခံရသောသက်သာခြင်းဖြင့် ဆင်းရဲဒုက္ခရောက်နေသောသူတို့ကို သက်သာစေနိုင်ပါမည်အကြောင်း မစတော်မူပါ (၂ကော ၁း၃–၅)။ မကောင်းသောအကျင့် တစ်စုံတစ်ခုကိုမျှ မကျင့်မည်အကြောင်း မစတော်မူပါ (၂ကော ၁၃း၇)။ ယုံကြည်သူတို့အသက်တာ၌ ကိုယ်တော်၏စုံလင်ခြင်းကို တွေ့မြင်ရကာ (၂ကော ၁၃း၉)၊ ခရစ်တော်သည် ယုံကြည်သူတို့အထဲ၌ တည်ပါမည်အကြောင်း ဆုတောင်းပါ၏ (ဂလာတိ ၄း၁၉)။

ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏အတွင်းလူကို ခိုင်ခံ့စေခြင်းအားဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးသားထဲ၌ ယုံကြည်ခြင်းဖြင့် ကျိန်းဝပ်ပါမည်အကြောင်းဆုတောင်းပါ၏။ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာ၌စိုက်ပျိုးကာ တိုက်မြစ်ကျတည်သဖြင့် သန့်ရှင်းသူအပေါင်းနှင့်တကွ တန်ခိုးခံရကာ– ခရစ်တော်၏မေတ္တာ အလျား၊ အနံ၊ အနက် အမြင့်တို့ကို ပိုင်းခြားသိရှိပြီး– ကိုယ်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိရှိနားလည်ပါမည်အကြောင်း မစတော်မူပါ။ ဘုရားသခင်၏ ပြည့်စုံခြင်းရှိသမျှနှင့်အညီ ကျွန်ုပ်တို့ပြည့်စုံကြပါမည်အကြောင်း ဆုတောင်းပါ၏။ ကျွန်ုပ်တို့၌ပြုပြင်အမှုဆောင်တော် မူသောတန်ခိုးတော်အတိုင်း၊ တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှါ ကိုယ်တော်တတ်နိုင်တော်မူပါ၏။ ကိုယ်တော်သည် အသင်းတော်၌၊ ယေရှုခရစ်အားဖြင့် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း (ဧဖက် ၃း၁၄–၂၁)။

## ၂၉။ အသင်းတော်အတွက်

အဖဘုရားကျွန်ုပ်တို့သည်နှုတ်များဖွင့်သောအခါ၊ ကိုယ်တော်၏နှုတ်ထွက်စကားတော်ကိုပေးခြင်းအားဖြင့် ဧဝံဂေလိတရား၏နက်နဲသောအရာကို ရဲရင့်စွာဟောပြောကြပါမည်အကြောင်း ဆုတောင်းပါ၏ (ဧဖက် ၆း၁၈–၂၀)။ ခရစ်တော်၏နက်နဲသောအရာကို ဟောပြောစေရန်၊ တရားဟောရာတံခါးကို ဖွင့်ပေးတော်မူပါ။ ကျွန်ုပ်တို့ဟောပြောအပ်သည် နှင့်အညီ ရှင်းလင်းစွာဟောကြားနိုင်ပါမည်အကြောင်း ဆုတောင်းပါ၏ (ကော ၄း၃–၄)။

မယုံကြည်သော၊ ငြင်းဆန်သောသူတို့၏လက်မှ ထိုဧဝံဂေလိတရားကိုဟောပြောသော ကျွန်ုပ်တို့ကို ကွယ်ကာကာ၊ ကြားနာသောသူတို့သည် ထိုတရားစကားကိုလက်ခံကြပါမည်အကြောင်း ဆုတောင်းပါ၏ (ရောမ ၁၅း ၃၀–၃၂)။ ဧဝံဂေလိတရားဟောပြောသောသူတို့သည် ကိုယ်တော့်အလိုတော်၌ ခိုင်ခံ့စွာရပ်တည်ကာ၊ ဝိညာဉ်ရေးရာ၌ ရင့်ကျက်ပြီး၊ ကိုယ်တော့်ကိုနာခံကြရန် ဆုတောင်းပါ၏ (ကောလော ၄း၁၂)။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ကြောက်ရွံ့တတ်သောသဘောကို မပေး၊ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောသဘောနှင့် ရှင်းလင်းသောစိတ်၊ မိမိကိုယ်ကိုထိန်းချုပ်သောစိတ်ကို ပေးတော်မူပါ၏ (၂တိ ၁း၇)။

ကိုယ်တော်၏ ဆုတောင်းခြင်းဝိညာဉ်တော်ကို ကျွန်ုပ်တို့အပေါ်၌ သွန်းလောင်းခြင်းဖြင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၊ သတိဖြင့်စောင့်ရှောက်မျှော်လင့်ခြင်းတို့ဖြင့် မိမိကိုယ်ကိုအပ်နှံ ဆည်းကပ်သောသူများ ဖြစ်စေတော်မူပါ (ကော ၄း၂)။

ကျွန်ုပ်တို့အသိုင်းအဝိုင်း၊ မြို့များနှင့်မြန်မာပြည်တွင် မှားယွင်းလွဲချော်နေသော အရာများကို ဂတိတော်အတိုင်း ပြန်လည်တည့်မတ်မှန်ကန်စေရန်၊ ကိုယ်တော်၏တရားမျှတစွာစီရင်ခြင်းကို နေ့ညမပြတ်အော်ဟစ်တောင်းလျှောက်သော <u>အသင်းတော်</u> (ခရစ်တော်၏ကိုယ်ခန္ဓာ) ဖြစ်စေတော်မူပါ (လုကာ ၁၈း၇၊ ၁သက် ၃း၉–၁၂)။

ကျွန်ုပ်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောကိုယ်တော်သည် ယေရှုခရစ်၏နေ့ရက်အထိပြီးစီးလျက် ပြုတော်မူမည်ဟု ကိုယ်တော်ကို စိတ်ချပါ၏။ ကျွန်ုပ်တို့သည် မေတ္တာပါရမီတိုးပွါး၍ ပြည့်စုံခြင်းရှိရန်၊ နက်နဲသော ဉာဏ်ပညာရှိခြင်းဖြင့် ခြားနားသောအရာတို့ကို ပိုင်းခြားနိုင်ကြသဖြင့် ခရစ်တော်၏နေ့ရက်တိုင်အောင် စိတ်ကြည်ဖြူ ဖြောင့်မတ်လျက် တိမ်းလဲခြင်းအမှုနှင့် ကင်းလွတ်ခြင်းရှိရန် ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်းအကျင့်တို့ဖြင့် ပြည့်စုံစေရန် ဆုတောင်းပါ၏ (ဖိလိပ္ပိ ၁း၆–၁၁)။

## ၃၀။ အသင်းတော်အတွက်

အဖဘုရားသခင် ကိုယ်တော်သည် အနီး၌ရှိတော်မူသောကြောင့် ကျွန်ုပ်တို့သည် အဘယ်အမှုကိုမျှ စိုးရိမ်ခြင်း မရှိကြဘဲ၊ အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ၊ ဆုတောင်းပဌနာပြုသောအားဖြင့်၊ တောင်းပန်လိုသောအရာများကို ကိုယ်တော်ထံကြားလျှောက်ကြပါ၏။ အဘယ်သူမျှကြံ၍မမှီနိုင်သော ကိုယ်တော်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်မတော်မူပါစေသော (ဖိလိပ္ပိ ၄း၅–၇)။ ယေရှုခရစ်၌ တည်တော်မူ၍ ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည့်အတိုင်း၊ ကျွန်ုပ်တို့၏ လိုအပ်ချက်များတို့ကို ပြည့်စုံစေတော်မူပါ (ဖိ လိပ္ပိ ၄း၁၉–၂၀)။

မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုငှင်း၊ အစာအဟာရကိုငှင်း၊ ပေးသနားတော်မူသော ကိုယ်တော်သည် မျိုးစေ့ကို ပေးအပ်၍ ပွါးများစေကာ၊ ဖြောင့်မတ်ခြင်းကိုလည်း ကြွယ်ဝစေတော်မူပါမည့်အကြောင်း ဆုတောင်းပါ၏။ စေတနာစိတ်နှင့် အမျိုးမျိုးသော စွန့်ကြဲပေးကမ်းခြင်းအလို့ငှါ အရာရာ၌ကြွယ်ဝစေကာ မည်သည့်အချိန်အခါ၌မဆို စေတနာရက်ရောသဖြင့် ယင်းသည် ကိုယ်တော်၏ ကျေးဇူးတော်ချီးမွမ်းစရာအကြောင်း ဖြစ်စေတော်မူပါ (၂ကော ၉း ၁၀–၁၁)။

အသင်းတော်သည် အလိုတော်ကို သိရှိနားလည်နိုင်သောဉာဏ်နှင့်ပြည့်စုံစေကာ၊ ဝိညာဉ်ရေးရာပညာနှင့် နားလည် နိုင်သောဉာဏ်ကို တိုးပွါးစေမည့်အကြောင်းဆုတောင်းပါ၏။ ကိုယ်တော်ကို သိကျွမ်းခြင်းပညာကိုပေးကာ– ကိုယ်တော်နှင့် ထိုက်လျောက်သော အသက်တာဖြင့်ကျင့်၍ အရာရာ၌နှစ်သက်တော်မူစေခြင်းငှါ၊ ကောင်းသောအကျင့်အမျိုးမျိုး တည်းဟူ သော အသီးကိုသီးရန်မစပါမည့်အကြောင်း မရပ်မနားဆုတောင်းကြပါ၏ (ကော ၁း၂ –၁၁)။

အဖဘုရား၊ ခေါ်တော်မူခြင်းကျေးဇူးကို ခံထိုက်သောသူဖြစ်သည်ဟု ကျွန်ုပ်တို့ကိုမှတ်တော်မူပါ။ ကိုယ်တော်တန်ခိုး တော်အားဖြင့် ကိုယ်တော်၏ရည်ရွယ်ချက်တို့ကိုပြည့်စုံစေကာ ကျွန်ုပ်တို့လုပ်ဆောင်သောအရာမှန်သမျှသည်၊ ယုံကြည်ခြင်း ဖြင့် လှုံ့ဆော်ခြင်းဖြစ်ရန် အစဉ်မပြတ်ဆုတောင်းကြပါ၏။ ဤသို့ဖြင့် သခင်ယေရှုခရစ်၏ နာမတော်ဘုန်း ထင်ရှားစေတော် မူပါ (၂သက် ၁း၁၁–၁၂)။ ဆိုးညစ်သောသူတို့လက်မှ ကျွန်ုပ်တို့ကို ကယ်လွှတ်တော်မူပါ။ ကိုယ်တော်သည် သစ္စာနှင့်ပြည့်စုံ တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ကို ခွန်အားပေးမြဲမြံခိုင်ခံ့စေကာ မာရ်နတ်နှင့်မကောင်းသောအရာတို့မှ ကင်းလွတ်စေတော်မူပါ။ ကိုယ်တော်ကိုချစ်စေခြင်းငှါငှင်း၊ ခရစ်တော်၏နည်းတူသည်းခံစေရန် ကျွန်ုပ်တို့စိတ်နှလုံးကို ပြင်ဆင်တော်မူပါ (၂သက် ၃း ၁–၅)။

ရက်စွဲ။ ၂၀၀၈ခု နိုဝင်ဘာလ (၁)ရက်

Standing In The Gap
MYANMAR INTERCESSORS' NETWORK

“…နေ့ညမပြတ်တိတ်ဆိတ်စွာမနေရသော
လူစောင့်တို့ကိုသင်၏မြို့ရိုးပေါ်မှာ
ငါထားပြီ။
ထာဝရဘုရားကိုအောက်မေ့စေသောသူတို့၊
တိတ်ဆိတ်စွာမနေကြနှင့် …
မြေကြီးပေါ်မှာ
ချီးမွမ်းစရာအကြောင်းဖြစ်စေတော်မမူမှီတိုင်အောင်
ဘုရားသခင်ကိုမငြိမ်စေကြနှင့် …”
ဟေရှာယ ၆၂း၆–၇


**Myanmar Intercessors' Network**
909, Lower Mingalardone Road, Sintngu Insein Towhship Aung San P.O. 11012
Yangon, Myanmar, phone: 951-642039
E-mail: seinlian@gmail.com

အမှတ်–၉၀၉၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဥ့်ငူ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
အောင်ဆန်းစာတိုက် ၁၁၀၁၂၊ ဖုန်း–၀၁–၆၄၂၀၃၉